www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)



# အသည်းကွဲပန်းပွင့်၏ နိယာမကောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် ၃၀၀၃၄ ၂၀၆၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၀၀၄ ၂၇၀၆၀၄

အုပ်ရေ ၃၀၀

တန်ဖိုး ၁၀၀ ကျပ်

မျက်နှာဖုံး မသက်ထားအိ

ထုတ်ဝေသည့်လ ၂၀၀၆၊ နိုဝင်ဘာ
ပထမအကြိမ်

ပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
၁၅၂ ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏ
ရန်ကုန်

ထုတ်ဝေသူ ဒေါ်တင်တင်အုန်း (၀၃၇၄၀)
စိန်သရဖူစာပေ
(၇၀/၇၂) ၃၃လမ်း
လသာ ရန်ကုန်


www.burmeseclassic.com

www.burmeseclassic.com

- အသည်းကွဲနည်း
  [သံယောဇဉ်သို့အောက်မေ့ခြင်း (ကလောင်စုံ) ၂၀၀၀ မေ]

- ဘုံပြုတ်ပန်းပွင့်
  [ငွေထဲကကြေကွဲစတွေ (ကလှောင်စုံ) ၁၉၉၈ မေ]

- နိယာမများအကြောင်း
  [သမုဒ္ဒရာငါးစင်းလက်ဆောင် (ကလောင်စုံ) ၁၉၉၉ ဩဂုတ်]

- ကောင်းကင်ကောက်ကြောင်း
  [ကောင်းကင်ကောက်ကြောင်း (မောင်ညိုအေး(ပန်းတော)၊ အောင်သည်းဆာ)တို့နှင့်တွဲဖက် ၂၀၀၀ ဇူလိုင်]

www.burmeseclassic.com

www.burmeseclassic.com

အသည်းကွဲနည်း

www.burmeseclassic.com

www.burmeseclassic.com

၁။

"နင် လမ်းဖယ်ပေးနော် ဇော်နိုင်၊ နင် တရားလွန်နေပြီ"

စုထားမြင့်က ဒေါသအပြည့်နှင့် ခက်ထန်စွာ ပြောဆိုဟန့်တား သော်လည်း ဇော်နိုင်က ခြေတစ်လှမ်းမျှပင် မဖယ်မရွှေ။ စုထားမြင့် နှင့် အတူပါလာသော သူငယ်ချင်းနှစ်ယောက်က ဇော်နိုင့်ကို အသေ အချာ ငေးကြည့်နေကြ၏။

"နင့်မှာ နှမ မရှိတိုင်း နင် လိုက်နှောင့် ယှက်မနေနဲ့၊ ဖယ်... ဖယ်လို့ပြောနေတာ မကြား ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖယ်ဘူး ငါ နင့်ကို စကားပြောမလို့"

"မပြောနဲ့ မကြားချင်ဘူး"

"နင်မကြားချင်ပေမယ့် ငါပြောချင်နေတယ်"

"တောက်"

စုထားမြင့်က ပြင်းထန်စွာ တက်ခေါက်သောအခါ ဇော်နိုင်က အံကြိတ်၏။ မှုန်းတည့်နေ၏ အောက်တည့်တည့်၌ မျက်မှောင်ကျုံ့ကာ စုထားမြင့်မျက်နှာကို စိုက်ကြည့်နေသေးသည်။

"ငါ ပါးရိုက်မိလိမ့်မယ်နော်"

"နင့်အတွက် ငါ့အသက်ကိုစွန့်ဖို့တောင် ငါ ဆုံးဖြတ်ထားပြီးသား။ ပါးရိုက်တာလောက်နဲ့တော့ ငါ နောက်ဆုတ်မှာ မဟုတ်ဘူး စုထား"

စုထားမြင့် အံကြိတ်သည်။ လွယ်အိတ်ထဲသို့ လက်နှိုက်သည်။ လက်ပြန်အနုတ်တွင် လက်ထဲမှာ ကွန်ပါဘူးတစ်ဘူးပါလာ၏။ ကွန်ပါဘူး ကိုင်ထားသော ထိုလက်သည် လေထဲတွင် မြောက်တက်သွားပြီး နေရောင်အောက်တွင် လက်ခနဲ ဖြစ်သွား၏။





"စုထား"

နံဘေးမှ သူငယ်ချင်းတစ်ယောက်က စုထားမြင့်၏လက်ကို ဝိုင်းဆွဲထားကြသည်။

"နီနီ... ငါ့လက်ကိုလွှတ်၊ ဒီကောင် လူလိုနားမလည်တာများပြီ ငါ သတ်မိတော့မယ်၊ လူ့လောကမှာ သူနဲ့ငါနဲ့ တစ်ယောက် မရှိမှဖြစ်မယ်၊ ငါ့လက်ကို လွှတ်ပါ"

ဟု ပြောရင်း စုထားမြင့် မျက်ရည်တွေ စီးကျလာ၏။ သူငယ်ချင်းဖြစ်သူ နှင်းနှင်းမွှေးက ဇော်နိုင်ဘက်သို့ကြည့်ကာ...

"ကဲ... ကိုဇော်နိုင်၊ ကျွန်မတို့ တောင်းပန်ပါတယ်၊ လမ်းပေါ်မှာ ရန်းရင်းဆန်ခပ်ဖြစ်တာ မကောင်းပါဘူး မနှောင့်ယှက်ပါနဲ့တော့"

ဇော်နိုင်က ဂျင်းဘောင်းဘီ ခါးပတ်ကွင်းထဲသို့ လက်မနှစ်ချောင်းကို တင်ချိတ်ပြီး...

"ကျွန်တော် နှောင့်ယှက်တာမှမဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူနဲ့ ပြေပြေလည်လည် စကားတွေပြောချင်တာ၊ သူက ကျွန်တော့်ကို ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်နေရတာလဲ''

ပြောရင်း စုထားမျက်နှာကိုကြည့်လျက်...

''စုထား... နှင့်ကိုချစ်ခဲ့တာ မနေ့တစ်နေ့ကမှ ချစ်ခဲ့တာ မဟုတ်ဘူး။ နေ့တွေ လတွေ နှစ်တွေများခဲ့ပြီ ငါ့အချစ်ကို မမြင်ရင်တောင် အချိန်တွေကို နှင် အားနာပါဦးလား''

''မကြားချင်ဘူး၊ မကြားချင်ဘူး။ နှင် ငါ့ရှေ့က ထွက်သွား၊ ထွက်သွား''

နီနီဆွဲထားသည့်ကြားမှ စုထားက အော်ဟစ်ပစ်လိုက်သည်။

''နှင်... လူစကား နားမလည်ဘူးလား နှင့်ကို ဒီ တစ်ဘဝတွင်မကဘူး၊ သံသရာအဆက်ဆက်အထိ မုန်းတယ်လို့ ငါပြောပြီးပြီ''

ဇော်နိုင်က ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်ခါလိုက်ပြီး...





''ငါကလည်း ဒီတစ်ဘဝတွင်မကဘူး၊ သံသရာအဆက်ဆက်အထိ နှင့်အချစ်ကို လိုချင်တယ်''

နီနီက...

''အခု ကိုဇော်နိုင်က စုထားကို ဘာပြောမလို့လဲ''

''လတ်တလောပြောဖို့ကိစ္စအတွက် ကျွန်တော် လာတာမဟုတ်ဘူး။ အမြဲတမ်းပြောချင်နေတဲ့စကားတွေကြောင့် ကျွန်တော်လာတာ၊ သူနဲ့ကျွန်တော် ပြေပြေလည်လည်ဖြစ်ချင်တယ်၊ ထမင်းစားပြီးပြီလား။ နေကောင်းလားဆိုတဲ့ စကားမျိုးပဲဖြစ်ပါစေ၊ ပြေပြေလည်လည်ပြောချင်တယ်၊ ကြည်ကြည်နူးနူး ကြားချင်တယ်၊ ရန်သူကြီးလို ဆက်ဆံနေတဲ့ဒဏ်ကို ကျွန်တော် မခံနိုင်ဘူးဗျ''

''သူမှလက်မခံဘဲ၊ အခု ကျောင်းပြန်လာတာတောင်မှ ရှင် နှောင့်ယှက်မှာစိုးလို့ ကျွန်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com





အဖော်ခေါ်လာတာလေ၊ နုမမရှိလို့ မစာနာတတ်ဘူး

ဆိုရင်တောင် နုမလေးလို သဘောထားပြီး ဆင်ခြင်

ပေးပါလား''

ဟု နီနီက ပါးလှပ်ပြတ်သားသောလေသံဖြင့် တည်ကြည်စွာ ပြောဏ်။ ဇော်နိုင် သက်ပြင်းချသည်။ စုထားမြင့်ဘက်သို့ ခြေတစ်လှမ်း တိုးသည်။

''စုထား... ဒီနေ့အဖို့ နင့်ကို ငါ တောင်းပန်

ပါတယ်၊ နင့်လို တက္ကသိုလ်ကျောင်းသူမဟုတ်တဲ့အတွက်

ငါ စကားကို အဲဆင့်အတန်းမြင့်မြင့် မပြောတတ်ဘူး

ငါ နင့်ကို အရမ်း ချစ်တယ်၊ မျိုချထားချင်တယ်''

ပြောပြီး လက်ဝဲဘက်ရှိ မြေနီလမ်းကျဉ်းလေးဘက်သို့ လှည့် ထွက်သွား၏။ မျက်နှာကို လက်ဖြင့်အုပ်လျက် စုထားမြင့် ငိုလေသည်။

✿ ✿ ✿



၂။

နီနီနှင့် နှင်းနှင်းအေးတို့က တက္ကသိုလ် တတိယနှစ်ကျမှ စုထားမြင့်နှင့် ခင်မင်ခဲ့ကြသူတွေဖြစ်သဖြင့် ဇော်နိုင်နှင့် စုထားမြင့် အကြောင်းကို အသေးစိတ်မသိကြသေးချေ။ ထို့ကြောင့် နောက်တစ်နေ့ နေ့လည်ခင်းအချိန်တွင် စာကြည့်တိုက်ရှေ့၊ ကုံကော်တန်းအောက် ထိုင်ခုံမှာထိုင်ပြီး ဇော်နိုင်အကြောင်းကို မေးမြန်းကြတော့၏။

''ဆယ်တန်းကတည်းက လိုက်နေတာဆိုတော့

တော်တော်ကြာပြီပဲ၊ နင်က သူ ဆယ်တန်းမအောင်လို့

လက်မခံတာလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု နီနီမေးသည်။ စုထားမြင့် ခေါင်းခါ၏။

"ဆယ်တန်းပဲအောင်အောင်၊ ဘွဲ့လွန်ကျောင်းသားကြီးပဲဖြစ်ဖြစ် ငါ သူ့ကိုမချစ်ဘူး"

"ရည်စားမွေ့လို့လား"

ဟု နှင်းနှင်းအေး ဝင်မေးသည်။

"ငါ သိသလောက်တော့ ငါတစ်ယောက်တည်းကိုပဲ သူ အခုလိုလိုက်နှောင့်ယှက်နေတာ"

"ငါ့တစ်ယောက်တည်းကိုပဲ ချစ်နေတာလို့ ပြောစမ်းပါဟာ"

နီနီ၏ နောက်ပြောင်စကားကို စုထားမြင့် ဘဝင်မကျ။

"မနောက်ပါနဲ့ နီနီရယ်...၊ ငါ တကယ်စိတ်ညစ်နေတာ၊ ဒီကောင့်စက်ကွင်းကလွတ်အောင် ငါ ဘယ်ကိုပြေးရမှန်းမသိဘူး။ ကျောင်းပြီးရင်တော့ ငါ နယ်မှာ အလုပ်သွားလုပ်မယ်လို့ အိမ်ကိုပြောထားတယ်"

"အဲဒီဇော်နိုင့်အကြောင်းကို နှင့်အိမ်ကသိလား





ဟု နှင်းနှင်းအေး မေးသည်။

"ငါ့အိမ်ကရော၊ သူ့အိမ်ကရော၊ တစ်ရပ်ကွက်လုံး အကုန်သိတယ်"

"တစ်ရပ်ကွက်လုံး... ဟုတ်လား"

စုထားမြင့်က ခေါင်းညိတ်ပြီး...

"သူ စလိုက်တော့ ငါ့အိမ်ကို ငါတိုင်တယ်၊ ငါ့အိမ်က သူ့မိဘကိုတိုင်တယ်၊ ဒါပေမယ့် သူ နောက်မဆုတ်ဘူး။ အဲဒါနဲ့ပဲ ရပ်ကွက် လူကြီးရုံး သွားတိုင်တယ်၊ နှောင့်ယှက်လိုက် တိုင်လိုက်နဲ့ပဲ၊ ကြာတော့ တစ်ရပ်ကွက်လုံး မသိတဲ့လူ မရှိတော့ဘူး"

"ဆွဲလားရမ်းလား လုပ်မှုသလား"

ဟု နီနီမေးသည်။

"အဲဒီလိုတော့ သူမလုပ်ဘူး၊ ဒါပေမယ့် ငါ့အနားကို တခြားကောင်လေးတွေကပ်ရင် အဲဒီလူတွေနဲ့ သူနဲ့ ရန်ပွဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရည်စားမထားတာ သူ့ကြောင့်လား"

"သူ့ကြောင့်ရယ်တော့ မဟုတ်ပါဘူး။ ငါ [illegible] ကိုယ်တိုင်က အဲဒါတွေ စိတ်မဝင်စားတာ၊ တစ်[illegible] တစ်ခါ ငါ့မှာ အစ်ကို တစ်ယောက်လောက်ရှိရင် သိ[illegible] ကောင်းမှာပဲလို့ ငါတွေးမိတယ်"

"သူ့မှာရော ညီအစ်ကို မောင်နှမ မရှိဘူးလား"

"အစ်ကိုနှစ်ယောက်ရှိတယ်၊ သူ့ ပြုမူသမျှ [illegible] သူ့ တစ်အိမ်လုံးက ငါ့ကို လာလာပြီး တောင်းပန်[illegible] ကြတော့ ငါ့မှာ တိုင်မိတော့မှတောင် အားနာနေရတယ်"

"နင့်ဒုက္ခကလည်း မသေးပါလား"

နှင်းနှင်းအေးက ညည်းညူစွာပြောသည်။ ပြီး[illegible]

"နင် သူ့ကိုဘယ်တော့မှ မချစ်ဘူးလို့ဆုံးဖြတ် ထားတာလား"

"ဟုတ်တယ်၊ သူ့ကိုတွင် မဟုတ်ဘူး။ ဘယ်သူ့ ကိုမှ ငါ မချစ်ချင်ဘူး"





နီနီက...

"ဘယ်သူ့ကိုမှ ဆိုတဲ့စကားတော့ နင် မသုံးနဲ့၊ နင်က လှတော့ နင် မချစ်ချင်ပေမယ့် ချစ်မယ့်သူတွေ ရှိနေကြမှာပဲလေ"

စုထားမြင့်က ခေါင်းခါ၏။

"ငါ့ကို လိုက်တဲ့ တခြားကောင်လေးတွေ အချင်းချင်း မကြားတကြား ပြောကြတယ်။ စုထားမြင့်က ဘီလူးစောင့်တဲ့ပန်းတဲ့။ တချို့ကတော့ အရှုးစောင့်တဲ့ ပန်းတဲ့၊ ငါ့မှာ ဘေးကျပ်နံကျပ်ထဲ ရောက်နေရတာ"

ရင်မောစွာ ပြောသည်။ နှင်းနှင်းအေးက...

"ဘာပဲဖြစ်ဖြစ်ဟာ ဒီခေတ်မှာ တစ်ယောက်တည်းကို အရူးအမူးချစ်တဲ့သူ ရှားတယ်ဟ။ အချစ်ကို စိတ်ဝင်စားတယ် ဆိုရင်တော့ အဲဒီအရူးအမူးချစ်တဲ့ သူချစ်ကိုပဲ နင် ရွေးသင့်တယ်နော်"

ထိုစကားကြောင့် နီနီရော နှင်းနှင်းအေးပါ ရယ်မောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေမို့ စိတ်ဆိုးဟန်မပြမိသော်လည်း စိတ်ရှုပ်ထွေးစွာဖြင့် စုထားမြင့် ခေါင်းရမ်းနေလေသည်။

ဇော်နိုင့်မျက်နှာကို မြင်ယောင်လျက် အောက်နှုတ်ခမ်းကို နာကျင်စွာ ဖိကိုက်လိုက်၏။

✿ ✿ ✿



၃။

ဤသို့ဖြင့် ကျောင်းသွားကျောင်းပြန်ချိန်တိုင်း စုထားမြင့် ရင်ထိတ်ခဲ့ရ၏။ ဇော်နိုင်သည် စုထားမြင့်နောက်မှ တကောက်ကောက်လိုက်၊ နေ့စဉ် မတွေ့။ မထင်မှတ်သည့်အခါ (သို့မဟုတ်) ထင်မှတ်သွေးထိတ်သည့်အခါမျိုးတွင် ဘွားခနဲရောက်လာတတ်သူဖြစ်သည်။

ထိုသို့ လမ်းမှာဆုံလိုက်၊ အော်ဟစ်ရန်တွေ့လိုက်၊ ဟန့်တားပြီးလိုက်ဖြင့် စုထားမြင့်သည်, ကျောင်းပိတ်ရက်ကိုသာ တမ်းတမျှော်ကိုးနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်ကျောင်းအကြား၊ ကျောင်းနှင့်အိမ် အကြား၊ သွားလာကူးသန်းနေခဲ့ရသည့် ကာလတစ်လျှောက်လုံး အန္တရာယ်ကင်း ဂါထာများကိုဝင် အားကိုးကြီးစွာ ရွတ်ဖတ်နေခဲ့ရလေ၏။

✿

ရက်ရှည်ကျောင်းပိတ်သည့်အခါတိုင်း စုထားမြင့် ရန်ကုန်တွင်မှ ဆွေမျိုးများရှိရာ မြစ်ဝကျွန်းပေါ်ဒေသ၏ မြို့ငယ်တစ်ခုသို့ သွားရောက်နေစမြဲဖြစ်သည်။ သည်နှစ် စာမေးပွဲပြီးလျှင်လည်း ထိုကဲ့သို့ သွားရောက်နေထိုင်မည်ဟု ဆုံးဖြတ်ထားသေးသည်။ တက္ကသိုလ်စာသင်နှစ်များ ကုန်ဆုံးပြီးမြောက်ခဲ့လျှင်လည်း (ဇော်နိုင်၏ နှောင့်ယှက်မှုနှင့် ကင်းဝေးသော) ထိုထက်ဝေးရာအရပ်သို့ သွားရောက်အသက်မွေးဝမ်းကျောင်းပြုမည်ဟု စဉ်းစားဆုံးဖြတ်ထားသေး၏။

✿

တတိယနှစ် စာမေးပွဲ။

နောက်ဆုံးဘာသာ ဖြေဆိုသည့်နေ့။

အဖေနှင့်အမေက လာကြိုရမလားဟု မေးသေးသည်။ သူငယ်





ချင်းနှစ်ယောက်ကို အားကိုးမိသဖြင့်လည်းကောင်း၊ မိဘနှစ်ပါးကို အားတုံ့အားနာ ဖြစ်သောကြောင့်လည်းကောင်း၊ သူငယ်ချင်းတွေ လိုက်ပို့လိမ့်မယ်ဟုသာ စုထားမြင့် ပြောခဲ့သည်။

ဇော်နိုင်နှင့်တွေ့လိမ့်မည်ဟုတော့ ရာခိုင်နှုန်းများများ ကြိုတွေးထားဖြစ်၏။ တွေ့ခဲ့ကြုံခဲ့လျှင်လည်း စိမ်းလက်စစိမ်း၊ မုန်းလက်စမုန်း၊ နာလက်စ နာကျင်စွာဖြင့် စိမ်းသည်ထက်စိမ်း၊ မုန်းသည်ထက်မုန်း၊ နာသည်ထက်နာအောင်၊ ပြောဆိုဟန့်တားမည်ဟု ပြတ်သားရဲဝံ့စွာ ဆုံးဖြတ်ပြီး အဆင်သင့် ပြင်ဆင်ထားသေးသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

၄။

ခတ်တိုင်တစ်တိုင်၏ အကွယ်မှ ထွက်လာသော ဇော်နိုင်
ဘွားခနဲ တွေ့မြင်လိုက်ရသည်။ စုထားမြင့်နေရာတွင် အခြား
မိန်းကလေးတစ်ယောက်သာဆိုပါက မကောင်းဆိုးရွားကောင်ကို
တရက် တွေ့မြင်လိုက်ရသောကြောင့် လွန်စွာထိတ်လန့်သွား

စုထားမြင့်အဖို့တော့ ထိတ်လန့်စိတ်ထက် ဒေါသစိတ်က
လာသည်။ ဇော်နိုင့်ကို မြင်မြင်ချင်း နီနီနှင့် နှင်းနှင်းအေး





စုထားမြင့်၏ လက်ချောင်းလေးတွေကို တစ်ဘက်တစ်ချက်စီမှ ဖွဖွလေး ကိုင်တွယ်ပေးထားကြ၏။

"စုထား"

ခတ်တိုင်ကို လက်တစ်ဘက်ဖြင့် ကိုင်တွယ်ပြီး ကျန်လက်တစ်ဘက်ဖြင့် ဟန်တားခြင်းပြုကာ 'စုထား'ဟု ဇော်နိုင်ခေါ်လေသည်။ ဝေ့ခနဲ တိုက်ခတ်လိုက်သည့် လေထဲတွင် အရက်နံ့ကို ရ၏။

"ဟဲ့ ... နော၊ နင် မသေသေးဘူးလား။ နင့်မှာ အရှက်မရှိတော့ဘူးလား"

"ငါ့မှာ အချစ်ပဲရှိတယ်"

"ဖယ်"

ဇော်နိုင် လက်ကာသည်။ ပြီးမှ...

"မဖယ်ဘူး၊ ဟိုတလောက နင် ပြောဘူးတယ်လေ၊ ဒီလောကမှာ နင်နဲ့ငါ တစ်ယောက်ယောက် မရှိမှ ဖြစ်မယ်တဲ့။ နင် မှတ်မိတယ် မဟုတ်လား"

တွဲယှက်ထားသော သူငယ်ချင်း၏လက်များမှ စုထားမြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ရှန်းလိုက်သည်။ ဇော်နိုင်၏ ရှေ့တည့်တည့်မှာ မားမတ်စွာ ရပ်လိုက်၏။ ဤသည်ကိုပင် ဇော်နိုင်က ဂရုမပြုစွာဖြင့် စကားဆက်သေး၏။

"နင်က ကျောင်းပိတ်ရက်တိုင်း ပျောက်ပျောက်သွားတယ်၊ ငါမှာ နင် မချစ်တဲ့ဒဏ်ကို ခံစားရတဲ့အပြင် နင့်ကို မမြင်မတွေ့ရတဲ့ဒဏ်ကိုပါ ငါ ခဏခဏ ခံစားရတယ်၊ ဒီနှစ်လည်း နင် ငါမသိတဲ့ အဝေးကြီးကို ငါမသိတဲ့အချိန်မှာ သွားဦးမှာပဲ မဟုတ်လား"

"ဟုတ်တယ်၊ သွားမယ်၊ နင် ဘာလုပ်ချင်လဲ"

"ငါ ဒီနေ့ ပြတ်ပြတ်သားသား အလုပ်တစ်ခုကို လုပ်ချင်တယ်၊ ဒီနေ့ဟာ နင့်အချစ်ကို ငါ နောက်ဆုံး တောင်းခံတဲ့နေ့ပါ။ ဒီနေ့ဟာ ငါ့အတွက် နောက်ဆုံးပဲ"

နီနီနှင့် နှင်းနှင်းအေးတို့ မျက်လုံးဝိုင်းသွားကြသည်။ စုထားမြင့်ကတော့ အရူးတစ်ယောက်ကို မမှိတ်မသုန် စိုက်ကြည့်နေသော မျက်လုံးမျိုးဖြင့် ဇော်နိုင့်ကို စိုက်ကြည့်နေလေ၏။





"ဦးခေါင်း အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့ဒဏ်ကို ငါ ခံနိုင်တယ်။ နင်နဲ့ဝေးတဲ့ဒဏ်ကို ငါ မခံနိုင်ဘူး စုထား"

"အဲဒီတော့ နင်ဘာလုပ်ချင်လဲ "

ဟု စုထားမြင့် မေးသည်။

ဇော်နိုင်က စုထားမြင့်၏ မာဆတ်သော့ဟန်ကို ကြည့်ငေးကာ ပြုံးလျက်

"ငါ့ခေါင်းကို ဟောဒီ တတ်တိုင်နဲ့ တစ်ချက်ပြီး တစ်ချက် ဆိုက်ဆောင့်မယ်။ ငါသေတဲ့အထိ၊ ဒါမှမဟုတ် နင့်ပါးစပ်က ငါ့ကို ချစ်ပါတယ်လို့ ပြောတဲ့အထိ ငါဆောင့်မယ်၊ ဘယ့်နှယ်လဲ...။ နင့်အသည်း မာပါ့မလား"

စုထားမြင့် မဲ့ခနဲ တစ်ချက်ပြုံးသည်။

"ငါ့ကို မမေးနဲ့ဇော်နိုင်၊ ငါ့အသည်းမှာ နင်နဲ့ ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ နင့်အသည်း ကျောက်ရိုင်ကျောက်ခဲကြီးကို ငါ ခေါင်းနဲ့တိုက်ပြီး ဖြိုမယ်"

ပြောပြောဆိုဆို ဇော်နိုင်က ကျောက်သားဖြင့် ပြုလုပ်ထားသော စာတ်တိုင်ကို နဖူးဖြင့် ပစ်ဆောင့်လေ၏။

"ခွပ်...ခွပ်"

စုထားမြင့်က တည်ငြိမ်သော ခြေလှမ်းဖြင့် လှမ်းထွက်ခဲ့သည်။

"ခွပ်...ခွပ်"

စာတ်တိုင်ကို နဖူးဖြင့် ဆောင့်နေသော ဇော်နိုင်၏ လုပ်ရပ်အား တစ်ချက်မျှပင် ငဲ့မကြည့်ခဲ့။

ခြေလှမ်း လေးငါးလှမ်းမျှ လှမ်းထွက်ခဲ့ပြီးဖြစ်သော စုထားမြင့် နောက်သို့ နီနီနှင့် နှင်းနှင်းအေးတို့ ပြေးလိုက်လာသည်။

"ခွပ်...ခွပ်"

ဇော်နိုင်၏ မျက်နှာတစ်ခုလုံးသည် သွေးများဖြင့် ရွှဲရွှဲစိုနေပြီ။

"စုထား"

တုန်ရင်သောအသံဖြင့် နီနီ လှမ်းခေါ်သည်။





"ဘာလဲ နီနီ"

"ဟိုမှာ သေလိမ့်မယ်၊ နင် တစ်ခုခုပြောလိုက်ပါလားဟယ်"

ဇော်နိုင်ဘက်သို့ စုထားမြင့် တစ်ချက်မျှပင် လှည့်မကြည့်။

"ခွပ်...ခွပ်"

"ဟုတ်ပါတယ် စုထားရယ်၊ တစ်ခုခု ဖြစ်သွားရင် မကောင်းဘူး နင် သွားတားလိုက်ပါလားဟင်၊ ဟိုမှာ သွေးတွေ...သွေးတွေ"

နှင်းနှင်းအေးက ငိုမဲ့လျက်ပြောသည်။ စုထားမြင့်က...

"ငါတို့ပြန်ကြရအောင်"

ဇော်နိုင်ရှိရာဘက်သို့ နီနီနှင့် နှင်းနှင်းအေးတို့ လှည့်ကြည့်နေကြသေးသည်။

"ခွပ်"

"သေသွားလိမ့်မယ်ထင်တယ် စုထား"

"ငါ အိမ်ပြန်ချင်ပြီ နီနီ၊ အဖေတို့ စိတ်ပူနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ လာပါဟာ၊ မူးမူးရူးရူးနဲ့ လုပ်ချင်ရာလုပ်နေတဲ့ သူကို နင်တို့က ဘာကူညီမလို့လဲ''

ပြောပြီး ခြေလှမ်းဆက်၏။

နီနီနှင့် နှင်းနှင်းအေးတို့က စုထားမြင့်နှင့်အတူ လိုက်ပါ ကြသည်။ နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ကြသေးသည်။ နှင်းနှင်းအေးက...

''ဟဲ့...ဟိုမှာ ခွေကျသွားပြီ''

ပြောပြီး စုထားမြင့်၏ မျက်နှာကို ငဲ့ကြည့်နေကြ၏။ တည်ငြိမ် အေးစေးသော မျက်နှာထားကို တွေ့သည်။ စုထားမြင့်က ဆံပင် တွေကို သတ်တင်လိုက်ရင်း တည်ငြိမ်အေးစက်သော လေသံပါးပါးလေး ဖြင့် မည်သူ့ကိုမျှ ငုံ့မကြည့်ဘဲ အဝေးသို့ငေးကြည့်ကာ စကားတစ်ခွန်း ပြောလိုက်၏။

''အဲဒီ အသည်းကွဲနည်းက အမှားဆုံးပဲဟ''

✿ ✿ ✿



၅။

အိမ်သို့ရောက်လျှင်ရောက်ချင်း အဖြစ်အပျက်အလုံးစုံကို ည်သူ့ကိုမျှ မပြောဖြစ်သေး။ အတန်ကြာ စဉ်းစားပြီးမှ သူငယ်ချင်း ားနှင့်အတူ စုထားမြင့်က မိဘနှစ်ပါးအား ပြောပြလိုက်သည်။ ိဘအချင်းချင်း အကြောင်းကြားသောကြောင့် ဓာတ်တိုင်အနီးတွင် ခွေကျနေသည့် ဇော်နိုင်ကို ဆေးရုံသို့ အလျင်အမြန် ပို့ဖြစ်ကြသည်။ သို့သော် အခြေအနေ ဆိုးရွားသွားခဲ့၏။

✿



www.burmeseclassic.com

www.burmeseclassic.com



"အနိတ်တိတ္ထိကို ကျည်ပါ သမီးရယ်၊ အနိတ်

တို့ရဲ့သား မိုက်ပါတယ်၊ မှားပါတယ်။ ဒါပေမယ့်

သူ့နောက်ဆုံးအချိန်မှာ သူ ကြားချင်တဲ့စကားမျိုးကို

မပြောချင်တာတောင်မှ သူ့အနားကို သမီးလေး

ခဏလောက် လိုက်ထိုင်ပေးပါလားဟင်၊ အသေဖြောင့်

စေချင်လို့ပါ။ မျက်လုံးပွင့်နေလို့ပါ သမီးရယ်၊ စကား

လည်း မပြောနိုင်တော့ပါဘူး"

စုထားမြင့်က ဇော်နိုင့်မိခင်အား ဦးခေါင်းကို လေးယင်စွာ ခါယမ်းပြလိုက်လေသည်။ သွေးလွန်ခြင်းကြောင့် သုံးရက်မြောက်သော နေ့သည် ဇော်နိုင်၏ နောက်ဆုံးနေ့ဟု သတ်မှတ်လိုက်ကြပြီဖြစ်၏။

"လိုက်သွားလိုက်ပါလား သမီးရယ်"

စုထားမြင့်၏မိခင်က စိတ်မကောင်းစွာသော အသံဖြင့်ပြော၏။ တစ်ရပ်ကွက်လုံးသို့ သတင်းစကားတွေ ပျံ့နှံ့သွားပြီဟု စုထားမြင့် ကြားသိသည်။

အရှက်စိတ်ကြောင့် စာနာတရားကင်းမဲ့ခြင်း မဟုတ်ကြောင်း





ကိုယ့်ကိုကိုယ်သိ၏။

မုန်းတီးစိတ်က စာနာလိုခြင်းကို ပွန်းပဲ့စေခဲ့သည်။ နာကျင်စိတ်က သနားစိတ်ကို ချိုးနှိမ်ထားခဲ့ပြီ။

"သမီး"

ဖခင်၏ခေါ်သံ...။ ငဲ့အကြည့်တွင် ဖခင်ကို သူမြင်၏။

"သားသမီးတစ်ယောက်ယောက် ဆုံးရှုံးရတော့ မယ်ဆိုတာ သိလိုက်ရတဲ့ မိဘတိုင်း ရင်ကွဲမတတ် ခံစားရတယ် သမီး။ အဖြစ်ဆိုးနဲ့တိုးရင် ပိုပြီး ရင်ကျိုးကြရတယ်။ သမီး တစ်ခုခုဖြစ်ရင် အဖေတို့ ရင်ကျိုးကြရမှာ။ အဖေတို့ အမေတို့ရဲ့ မိဘမေတ္တာကို သမီး ခန့်မှန်းနိုင်မယ်ဆိုရင် တခြားသူရဲ့ မိဘမေတ္တာကိုလည်း သမီး ခန့်မှန်းကြည့်စမ်းပါ။ မိဘရဲ့ သောကကို ကိုယ်ချင်းစာတတ်မယ်ဆိုရင် အဖေတို့ အမေတို့ ရဲ့ကိုယ်စား သမီး ကူညီလိုက်ပါ"

စုထားမြင့်၏ မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

ဖခင်၏ရင်ခွင်သို့ မျက်ရည်များဖြင့် ခိုဝင်သည်။

✿

လူနာကုတင်ပေါ်ရှိ အသက်ငင်နေသူ ဇော်နိုင်၏အနီးသို့ စု...
မြင့် ရောက်ရှိပြီး နှစ်မိနစ်အကြာတွင် ဇော်နိုင် မျက်လုံးမှိတ်...
သည်။ ငိုရှိုက်သံတွေကို တိုးတိတ်သဲ့သဲ့ကြားရသည်။ စုထား...
မျက်ရည် မကျချေ။

စုထားမြင့်၏ မျက်ရည်ကင်းစင်သော မျက်လုံးများသည် အ...
သို့ ငေးကြည့်နေ၏။ အသက်မဲ့သွားပြီဖြစ်သော ဇော်နိုင်၏ မျက်...
ကို သူ မကြည့်၊ သူ မမြင်။

လွန်ခဲ့သော သုံးရက်ခန့်က အဖြစ်အပျက်ကိုသာ ပြန်လည်မြ...
ယောင်နေလေသည်။ ထိုမြင်ယောင်ခြင်းများ အဆုံးသတ်သွားသော...
အခါကျမှ ဇော်နိုင်၏ ကုတင်နံဘေးတွင် စုထားမြင့် မတ်တပ်...
လိုက်၏။ ပြီးမှ ဇော်နိုင်၏မျက်နှာကို စူးစိုက်ကြည့်နေလေသည်...
စူးစိုက်ကြည့်နေရင်းမှ စုထားမြင့်၏ စကားသံတချို့ ထွက်ကျ...





...သေတော့၏။

"နင်မှားတယ်"

စကားသံ တုန်ယင်နေသည်။

"နင်မှားတယ်"

စကားသံ တိုးသဲ့သွားသည်။

"နင့် အသည်းကွဲနည်း မှားတယ်"

စကားသံ မာထန်သွားသည်။

ထို့နောက် စုထားမြင့်၏ မျက်လုံးများမှ မျက်ရည်တွေ စီးကျ...
...လေ၏။ မရှိုက်မိအောင် နေသေးသည်။ ။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com

ဘုံပြတ်ပန်းပွင့်

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်ပွဲတော်မှာမှ ကျွန်တော် မပျော်ပိုက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။ အထူးသဖြင့် နှစ်သစ်ကူးသည့် တန်ခူးလအခါ သင်္ကြန်ပွဲတော်များမှာ အများနည်းတူ ကျွန်တော် ပျော်ရွှင်ချင်သည်။ သို့သော် ကျွန်တော် ပျော်၍မရ၊ ပျော်ခွင့်မရ၊

ဘဝ၏ ဝဋ်ကြွေး သံသရာ၏ အနှောင်အဖွဲ့ဟု ကိုယ့်ကိုယ်ကို နှလုံးသွင်းပြီး ပိတောက်တွေကိုသာ ငေးကြည့်လွမ်းမောခဲ့ရင်း ကျွန်တော့်သူငယ်ချင်းတွေ မိတ်ဆွေတွေကလည်း သင်္ကြန်မှာ ပျော်

စမ်းရေပြာ တာပေ

www.burmeseclassic.com

မုန်းခဲ့ကြပေလိမ့်မည်။ ပျော်ရွှင်ချင်ကြပေလိမ့်မည်။ ဒါမှမဟုတ် လွမ်းဆွတ်မူးကြပေလိမ့်မည်။

နှစ်သစ်ကူးအခါသမယကို များသောအားဖြင့်တော့ အပျော်အရွှင် အမြူးအကြွ တေးသံလှုလှုလေးများဖြင့် ကြိုဆိုတတ်ကြသည်။ အားသစ်မာန်သစ်ဖြင့် ကဗျာလေးတွေ ထုဆစ်ရာတတ်ကြသည်။

ကျွန်တော်တို့ကရော သင်္ကြန်ကို ဘယ်လိုဘယ်ပုံ ဖွဲ့နွဲ့မယ်လို့ ထင်ပါသလဲ။ တခြားသူတွေကိုတော့ တိတိပပ ကျွန်တော် မခန့်မှန်းတတ်။ ကျွန်တော်ကတော့ သင်္ကြန်ဆိုလျှင် ငိုချင်သည်။ ပိတောက်မွှင့်လျှင် ရင်နင့်သည်။ ပိတောက်ပန်းတွေကိုမြင်တိုင်း မျက်ဝန်းထဲမှာ မျက်ရည်ဝိုင်းသည်။

ဘာပဲဖြစ်ဖြစ် နှစ်သစ်ကူး အခါမင်္ဂလာသင်္ကြန်ရက်တိုင်းမှာ—

ပျော်နေသူများ... ပျော်ပါစေသတည်း။

မပျော်ရွှင်သူများ... ငြိမ်းအေးကြစေသတည်း။

မိတ်ဆွေများအားလုံး အလွမ်းနှင့် ကင်းဝေးပါစေသတည်း။

M.M.M (C.C.C)

စမ်းချောင်း တာပေ

www.burmeseclassic.com

၁။

ဝင်းနဲ့ရဲ့ အပြင်ဘက်သို့ အုပ်မိုးထားသော ပိတောက်ရိုင်သည် မြေမျက်နှာပြင်ပေါ်သို့ တစ်နံ့တစ်လျား ဖြန့်ကျက်လျက်ရှိ၏။

အဆုတ်လိုက် အထွေးလိုက်ပွင့်ဖူးနေကြသော ပိတောက်ပွင့်တွေကြောင့် ရွက်စိမ်းကိုင်းခက်တို့ပင်လျှင် ကွယ်ပျောက်နေသယောင် ရှိ၏။

ပိတောက်ရိုပ်အောက်တွင် လူတစ်ဦးတစ်ယောက် လဲကျသွားသည်ကိုလည်းကောင်း၊ ထိုနေရာမှ ခွေးတစ်ကောင် ဖြတ်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုလည်းကောင်း လှမ်းတွေ့လိုက်ရ၏။ ငေးကြည့်နေရာမှ ပေါက်မှ ခွာလျက်၊ အပေါ်ထပ် လှေခါးထစ်များမှ ပြေးဆင်းခဲ့သည်။

✿

အိမ်တံခါးကို တွန်းဖွင့်လျှင်ဖွင့်ချင်း သဲစပ်စပ်မြေပြင်၌ ထွေး နေသော မိန်းကလေးတစ်ယောက်ကို တွေ့သည်။ ထိုနေရာသို့ ခြေလှမ်း မြန်မြန်ဖြင့် သူသွား၏။ အနီးသို့ရောက်လာသော သူ့ကို လဲကျနေ သော မိန်းကလေးက မြေပေါ်တွင် လက်ထောက်လျက် မော့ကြည့် သည်။ သိပ်လှတဲ့ မျက်ဝန်းလေးတစ်စုံကို မြင်တွေ့လိုက်ရ၏။ မြေ ထောက်ထားသော လက်သီးဆုပ်လေးက ပိတောက်ပွင့် ကြွေတွေ ကိုင်ဆုပ်ထားလျက်ရှိ၏။

မြေပြင်တွင် ဟို...သည်တစ်စ, ကွဲပြန့်နေသော ပိတောက်ပွင့် ကြွေတွေကို တစ်လှည့်၊ မိန်းကလေး၏မျက်နှာကို တစ်လှည့် သူကြည့် ပြီး...

"ချာတိတ်၊ မင်းကို ခွေးကိုက်သွားတာလား"

မေးပမ်းနေသူတစ်ယောက်ကဲ့သို့ ခေါင်းညိတ်ပြသည်။ ဝဲဘက်





ခြေမျက်စေ့အထက်နားတွင် လွန်စွာသေးငယ်သော အစွယ်ခြစ်ရာ တစ်ခုကို မြင်သည်။

"မင်း သိပ်နာနေသလား။ မထနိုင်ဘူးထင်တယ်၊ ဟုတ်လား"

အသက်ပြင်းစွာ ရှူနေသည်ကို မြင်၏။ ဆံပင်ရှည်များ သွယ်ကျနေသော ပခုံးစွန်းကိုပင့်လျက်...

"ခွေးကိုက်သွားတာ ကျွန်မ မနာဘူး။ ခြေ ထောက် ဘာမှမဖြစ်ဘူး။ ကျွန်မ လန့်သွားတာ၊ အခု မတ်တပ်ရပ်လို့မရဘူး။ မော..., မောနေတယ်"

"အို... ဖြစ်မှဖြစ်ရလေ၊ မင်းကို ကိုယ်ထူပေး ရမလား။ မင်းကို ကူညီဖို့ ကိုယ့်ကိုခွင့်ပြုပေါ့၊ ဟုတ်လား"

ခေါင်းညိတ်သည်။

ပခုံးစွန်းလေးနှစ်ဖက်ကို ကိုင်တွယ်လျက်၊ အလိုက်သင့် ဖေးမ သည်။ မတ်တပ်ရပ်၍ရသောအခါ သူက...

"ဒီပိတောက်ပင်ရဲ့အောက်မှာ ခုံတန်းတွေရှိပါ

www.burmeseclassic.com



တစ်ခုရှိတယ်၊ မင်း အဲဒီမှာ ခဏလောက်ထိုင်လိုက်ပါလား။ မင်းကို ကိုယ် ရေတစ်ခွက် တိုက်ချင်တယ်"

"ဟုတ်ကဲ့"

အိမ်ဝင်းအတွင်းသို့ဝင်သည်။ ပိတောက်ပင်အောက်ရှိ ခုံတန်းလျားရှိရာသို့ တွဲပို့သည်။ ခုံတန်းလျားတွင် ကျောမှီစေပြီး...

"မင်း ဒီမှာ ခဏနေဦးနော်၊ ကိုယ် သောက်ရေသွားယူလိုက်ဦးမယ်၊ အသက်ကို မှန်မှန်ရှူနေ"

အိမ်ထဲသို့ဝင်သည်။ ထမင်းစားခန်းအတွင်းရှိ ရေခဲသေတ္တာကို ဖွင့်သည်။ ရေပုလင်းထဲမှ ရေကို ငွေဖလားငယ်အတွင်းသို့ လျှင်မြန်စွာ ထည့်လိုက်သည်။

✿

လှေကားရင်းတွင် မာမိနှင့်တွေ့သည်။

"သား ဘာဖြစ်လို့လဲ၊ ခုနက သား ပြေးဝင်သွားတာ ကို မာမိတွေ့လိုက်တယ်၊ သောက်ရေကော ဘာလုပ်ဖို့လဲ"





"ကောင်မလေးတစ်ယောက် အိမ်ရှေ့မှာ ခွေးကိုက်ခံရလို့ မာမိ"

"ဟယ်၊ ဘယ်ကခွေး ကိုက်တာလဲ၊ ဘာဖြစ်သွားသေးလဲ"

"လမ်းပေါ်က ခွေးနဲ့တူပါတယ်၊ ခွေးကိုက်တဲ့ ဒဏ်ရာက မပြောပလောက်ဘူး။ သူက လန့်သွားတာ၊ အရမ်းကို လန့်သွားတာ မာမိ၊ အဲဒါ သားက ရေတိုက်မလို့"

မာမိ ခေါင်းညိတ်သည်။

ထိတ်လန့်ဟန် လျော့ပါးသွားသော မျက်နှာကို တွေ့သည်။ သူ လှမ်းပေးသောရေကို ဖြေးညင်းစွာသောက်သည်။ တစ်ဝက်ခန့် သောက်ပြီးသောအခါ သူ့ကို ရေခွက်ကမ်းပေးသည်။

"ကျေးဇူးတင်ပါတယ်"

သောက်ရေခွက်ကို ခုံတန်းလျားအနီးရှိ စာရေးစားပွဲငယ်ပေါ်သို့ တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလျားပေါ်တွင် ထောက်လျက်တင်ထားသော လက်သီးဆုပ်လေးကို မြင်၏။ လက်ချောင်းသွယ်လေးတချို့တွင် မြေစတွေ ပေနေသည်။

"အမေ သက်သာရဲ့လား"

"ဟုတ်ကဲ့၊ သက်သာပါတယ်၊ ရေသောက်လိုက်လို့ ပိုပြီး သက်သာပါတယ်"

"မင်းက ကျန်းမာရေးချူချာမယ့်ပုံစံမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းလန့်သွားပုံက ရောဂါတစ်ခုခုရှိတဲ့ သူတစ်ယောက်ရဲ့ လန့်သွားပုံမျိုး"

"ဟုတ်တယ်၊ ကျွန်မမှာ နှလုံးရောဂါရှိတယ်။ ပြင်းပြင်းထန်ထန်တော့ မဟုတ်ပါဘူး။ ထိတ်လန့်စရာ စိတ်ထိခိုက်စရာကြုံမှ အခုလိုဖြစ်တတ်တာပါ"

"ဪ... တော်သေးတာပေါ့၊ ဆရာဝန်နဲ့ သေသေချာချာကုရဲ့လား"

ခေါင်းညိတ်သည်။





ယ "ရီတာပင်န် (Retapen) တို့၊ ပနက်ကျူတာ (Penidure) တို့ တစ်လတစ်လုံးထိုးရတယ်"

လက်သီးဆုပ်လေးပြေသည်။ ပိတောက်ပွင့်ငယ်တွေပေါ်မှ မြေမှုန်တွေကို လက်ချောင်းသွယ်လေးများဖြင့် ဖယ်သန့်နေ၏။

"မင်းက ပိတောက်ပွင့်တွေ လာကောက်တာလား"

ခေါင်းညိတ်သောမျက်နှာထားတွင် အပြုံးပါးပါးလေးကို ရေးရေးတွေ့မြင်၏။

"ပိတောက်ပန်းဆိုတာ အကိုင်းလိုက် အခက်လိုက် ခူးရတဲ့ပန်းလေ၊ မြေပေါ်မှာတစ်ပွင့်ချင်းကောက်ရတဲ့ ပန်းမျိုးမှမဟုတ်တာ"

ပြုံးသည်ကို ပီပြင်စွာမြင်၏။

"ကျွန်မကမှ မခူးနိုင်ဘဲ၊ ခူးနိုင်တယ်ထားဦး။ ဒီအပင်က ပိုင်ရှင်ရှိတယ်လေ၊ အဲဒါကြောင့် မကြွေချင် ကြွေချင်နဲ့ ကြွေကျသမျှကို စိတ်ရှည်လက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကောက်နေတာ"

ပြုံးဖြစ်သည်။

"ပိတောက်ပန်းကို သိပ်ကြိုက်တယ်ပေါ့ ဟုတ်
လား"

"ဟုတ်တယ်၊ အရမ်းကြိုက်တယ်၊ ပိတော
ပန်းလေးတွေကိုမွှေးလိုက်ရင် အမောပြေတယ်၊ ကျွ
တစ်သက်လုံးမှာ ပန်ဖူးတဲ့ပန်း၊ ပန်ချင်တဲ့ပန်းဆို
ဒီပိတောက်ပန်းတစ်မျိုးတည်းပဲရှိတယ်"

"ပိတောက်ကလည်း တစ်နှစ်ကို တစ်ခါပဲ...
တယ်၊ မင်းကလည်း တစ်နှစ်တစ်ခါပေါ်လာတဲ့ ပန်း
မှ စောင့်မျှော်ပြီးပန်တယ်၊ မင်းက သိပ်ပြီးသစ္စာကြီးမ
မိန်းကလေးပဲ"

ခေါင်းငုံ့သွားသည်။

"ဟုတ်တယ်၊ ကျွန်မက သစ္စာတရား
ကိုးကွယ်တယ်၊ ပိတောက်ပန်းက သစ္စာရှိတဲ့ပန်းတဲ့





လူတော်တော်များများက ပြောကြတယ်၊ အဲဒါကို ကျွန်မ
လက်ခံတယ်၊ သစ္စာရှိတဲ့ပိတောက်ပန်းကို ချစ်လို့၊ သူ့
အပေါ် သစ္စာရှိတဲ့အနေနဲ့ ဘယ်ပန်းကိုမှ ကျွန်မ မပန်ဘူး။
ပိတောက်ပွင့်ချိန်ကိုပဲ မျှော်တယ်၊ ပိတောက်ပန်းကိုပဲ
ပန်တယ်၊ နှစ်သက်တယ်"

"မင်းကို၊ ကိုယ်... လက်ဆောင်ပေးချင်တယ်၊
ဟောဒီအပင်ပေါ်က ပိတောက်ပန်းတွေ"

သူ့ကို ရဲ့ရဲ့စွာမော့ကြည့်သည်။ အမောကင်းစွာသော လေသံ

"ကျွန်မ အားနာတယ်"

"အားနာစရာ မလိုပါဘူးကွ၊ တန်ဖိုးထားတတ်
တဲ့သူကို ပေးရတာ ပိုပြီးကုသိုလ်ရတာပေါ့"

ပြုံးလျက်ပြောပြီး၊ ပင်ခြေသို့သွားသည်။ လှေခါးထောင်ရုံ လက်
န့်တန်းရုံဖြင့် ပိတောက်ကိုင်း၊ ပိတောက်ခက်တွေ၊ ဝေဆာစွာရသည်။
ပိတောက်ပန်းတွေကို မွှေ့ပိုက်ကာ ပြုံးပျော်ကြည်နူးသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်လျက်၊ ရှင်... ချမ်းမြေ့ရ၏။

ပွေ့ပိုက်ထားသူ၏လက်အတွင်းရှိ ပိတောက်ခိုင်တွေကြား

အစွန်ဆုံးပိတောက်ခက်တစ်ခက်ကို သူခူးယူပြီး...

"မင်းကို ပန်ပေးချင်တယ်၊ ခွင့်ပြုပါလား"

ခေါင်းညိတ်လျက် ဦးငုံ့သည်၊ ကျောလယ်ယာသာရှိသော ဆံနွယ်

တို့၏ အထွဋ်အဖျား၌ တည်တင့်သွားသော ပိတောက်၏ ဝါရွှေရောင်

သည် ယခုမှ ပို၍အရောင်လဲ့သွား၏။

"ကျေးဇူးအရမ်းတင်ပါတယ်၊ ပြန်တော့မယ်

နော်"

သူခေါင်းညိတ်သည်။ မတ်တပ်ရပ်ကာ ခြေလှမ်းပြင်သူကို

ကြည့်လျက်...

"ဩော်... မင်း ဘယ်မှာနေလဲ"

"ဟို... မှာ၊ မြင်နေရတဲ့ရပ်ကွက်ထဲမှာ"

ပိတောက်ပွင့်တွေကို ပွေ့ပိုက်ထားရသောကြောင့် မျက်နှာ

ဖြင့်သာ ညွှန်ပြသည်။ လက်သီးဆုပ်လေးထဲတွင် ပိတောက်ပွင့်ခြေ





တွေ ရှိနေသေးသည်။

"ခွေးကိုက်တဲ့ နေရာကို သတိထားဦးနော်"

ခေါင်းညိတ်သည်။ ခြေလှမ်းရွှေ့သည်။ အိမ်ဝင်းပေါ် သို့

ရောက်သောအခါ...

"သွားမယ်နော်"

ခေါင်းမညိတ်ဖြစ်။

"မင်းနာမည် ဘယ်သူလဲ"

"ဟင့်အင်း"

ရှင်းသန့်စွာ ပြုံးလျက်၊ ခေါင်းခါကာ လှည့်ထွက်သွား၏။

ဆံချောင်းကလေးများ၏ ကိုယ်စား လေပြင်းကြောင့် ယိမ်းနွဲ့သွား

သည့် ကေသာတွေက၊ နှုတ်ဆက်လက်ပြသွားသယောင် ထင်ဖြစ်

သည်။ ပိတောက်ရိပ်သည် တိတ်ဆိတ်သင်းလှိုင်စွာ ကျန်ရစ်ခဲ့ချေ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ဆုံ

၂။

နောက်တစ်နေ့တွင် ပိတောက်ပွင့်တွေကို ငေးမောကြည့်လျ
သတိရစိတ် ဖြစ်သည်။ ပိတောက်ပွင့်ရက် မကုန်ဆုံးခင်၊ ရောက်
လိမ့်ဦးမလားဟု မျှော်နေဖြစ်သည်။

သုံးရက်အတွင်း နေ့စဉ် ခူးဆွတ်ထားသော ပိတောက်ပန်း
ပန်ဆင်သူ ကင်းမဲ့သွား၏။ စတုတ္ထမြောက် ပိတောက်ပွင့်ရက်
ပိတောက်တို့၏ သခင်မကို တွေ့မြင်လိုက်ရသဖြင့် ရင်မှာ ပြုံး
ကြည်နူးသည်။





ခုံတန်းလျားပေါ်တွင် ခပ်နွမ်းနွမ်းပိတောက်တွေ၊ တစ်ပုံတစ်ပင်။
ဆွတ်ပြီးစ ပိတောက်တွေ တစ်မွေ့တစ်ပိုက်။

"ချာတိတ်"

ပွင့်ကြွေတွေကို လက်မှာ ဖွဖွဆုတ်လျက်၊ သူ့ခေါ်ရာသို့ လှည့်
ကြည့်သည်။

ပြုံးပြလျက် ပြေးလာ၏။

"မင်း ရောက်မလာတာ သုံးရက်၊ ကိုယ် မင်းကို
မျှော်နေတာ။ ဟိုမှာကြည့်ပါဦး။ မင်းကို မပေးဖြစ်တဲ့
ပန်းတွေ နွမ်းကုန်ပြီ၊ ဒီဘက်က ပိတောက်တွေက
တော့ အိပ်ရာနိုးနိုးချင်း ခူးထားတာ"

"ကျွန်မ သတိရပါတယ်။ အခုတောင် သတိရ
လို့ ထွက်လာတာ"

ဘာကို သတိရတာလဲဟု မဲမေးဖြစ်။

"မင်း နေမကောင်း ဖြစ်နေတာလား"

"မဟုတ်ဘူး၊ ချွေးကိုက်ခံရတာ၊ မေမေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးနဲ့ သိသွားလို့"

"အဆူခံရတယ်ပေါ့၊ ဟုတ်လား"

"ဟင့်အင်း၊ စိုးရိမ်သွားကြတာ၊ ဒီမနက်... အနာပျောက်သွားတာရယ်၊ မေမေနဲ့ကိုကိုကြီး အိမ်... က မနိုးသေးတာရယ်ကြောင့် ဒီကိုထွက်လာတာ"

"ဒါဆို မင်းက၊ အိမ်မှာ ကလေးပေါ့"

"အို... ကျွန်မ၊ အသက်နှစ်ဆယ်ပြည့်... ပြီနော်"

"အသက်နှစ်ဆယ်ဆိုတာ လူ့ဘဝကို ရင်ဆိုင်... ဖို့ သိပ်ကို ငယ်သေးတဲ့ကလေးအရွယ်ပဲ"

တကယ့်ကလေးငယ်တစ်ယောက်ကဲ့သို့ ပြုံးလိုက်သောအပြုံး... မျက်နှာကို သူ ငေးကြည့်သည်။

✿

ဝိတောက်ပန်းဆိုင်တွေကို ပွေ့ပိုက်လျက်၊ ပြန်ဖို့ခြေလှမ်းပြင်... သူ့အား...





"မင်း အိမ်ကို ကိုယ်လိုက်လည်လို့ မရဘူးလား"

ခေါင်းလေးကို စောင်းငဲ့ကာ ပြုံးကြည့်ရင်း...

"ကျွန်မ လာလည်နေရုံနဲ့ မပြည့်စုံဘူးလား"

"ပြည့်စုံတယ် ဆိုပါတော့၊ ဒါပေမယ့် အိမ် အလည်လာတဲ့ ဧည့်သည်ရဲ့ နာမည်ကိုတော့ သိထားဖို့ လိုအပ်တယ်"

"ကျွန်မကို စောစောကပဲ နာမည်ပေးပြီးပြီ မဟုတ်လား၊ ကလေးလို့ပဲ ခေါ်မယ်ဆို"

သူပြုံးသည်။

"မင်း...မဆိုးပါဘူး၊ ခေတ်ပညာတတ် မိန်းကလေး တစ်ယောက်နဲ့တူတယ်၊ ဟုတ်လား"

"ခေတ်ပညာလား၊ အတန်းပညာလားတော့ မသိဘူး၊ တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲကို အောင်ပြီးပြီ"

"လေးစားပါတယ်ကွယ်၊ ဒါဆို မင်းကို ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တသင်ပေးစရာ မလိုတော့ဘူးပေါ့။ မင်းက စာတတ်ပြီးသား ကလေးတစ်ယောက်ပဲ”

“တက္ကသိုလ်မှာ မသင်ခဲ့ရတဲ့ တခြား ပညာရပ်တစ်ခုခုကို ဆရာ ကျွန်မကို သင်ပေးမလား”

သူမျက်ခုံးတွန့်သွားသည်။

“မင်း... ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ”

“ဆရာလို့ ခေါ်လိုက်တာလေ”

“ကိုယ်... ကျောင်းဆရာတစ်ယောက် မဟုတ်ဘူး”

“ကဗျာဆရာ၊ စာရေးဆရာတစ်ယောက်ကို ဆရာလို့ ခေါ်တာ၊ အဓိပ္ပါယ်မရှိဘူးလား”

“အဲဒါကို မင်းဘယ်လိုလုပ်သိနေသလဲ”

“ဆရာက ကိုယ့်ကိုယ်ကို လျှော့တွက်နေတာလား။ ဒါမှမဟုတ် ကျွန်မကို လျှော့တွက်တာလား”

“ကိုယ့်ကိုယ်ကို လျှော့တွက်မိတာ ဖြစ်လိမ့်မယ်”





ဟု သူပြောသည်။ ပြုံးနေသူကို ကြည့်လျက်...

“မင်း... မတရားဘူး။ ကိုယ့်နာမည်ကို မင်းသိပြီး။ မင်းနာမည်ကို ကိုယ်မသိရဘူးလေ”

“ကလေးလို့ခေါ်တာ၊ ကျွန်မ သဘောကျတယ်။ အဲဒီတော့ ဆရာနဲ့ကျွန်မ အကြားမှာ တခြားနာမည်တစ်ခုခု လိုသေးလို့လား”

“ကိုယ် မတောင်းဆိုတော့ပါဘူး။ တစ်ခုတော့ မေတ္တာရပ်ခံချင်တယ်။ ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့လား။ ဆရာလို့ အခေါ်ခံရလောက်တဲ့ အရည်အချင်းမျိုး ကိုယ့်မှာ မရှိသေးဘူး”

“အရည်အချင်း မရှိသေးဘူးဆိုတာကိုတော့ ကျွန်မ လက်မခံချင်ဘူး။ ဒါပေမယ့် ဆရာကိုယ်တိုင်က မနှစ်သက်ရင် ကျွန်မ မခေါ်ပါဘူး။ ကျွန်မ ဘယ်လိုခေါ်ရမလဲ”

“နာမည်ကို ခေါ်ချင်ခေါ်ပေါ့။ ဒါမှမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလို့ ခေါ်ချင်ခေါ်"

"နာမည်တော့ မခေါ်သင့်ဘူး ထင်တယ်။ အစ်ကိုလို့တော့ ခေါ်သင့်တယ်။ ဒီတော့ ကျွန်မ ခေါ်ချင်တဲ့ ကျွန်မရဲ့ ကိုယ်ပိုင်ဝေါဟာရနဲ့ ခေါ်ရမလား"

"ဘယ်လို ခေါ်ချင်လို့လဲ"

"ကိုကိုလို့ ခေါ်ချင်တယ်"

အိုအေးစက်တစ်ခု၊ ရင်ထဲသို့ နုချစ်စွာ ခိုဝင်လာသည်။

"ဟုတ်တယ် ကိုကို၊ ကျွန်မမှာ အစ်ကို တစ်ယောက်ပဲရှိတယ်။ ကျွန်မက သူ့ကို ကိုကိုကြီးလို့ခေါ်တယ်။ အစ်ကိုတစ်ယောက်တည်း ရှိခဲ့တုန်းက ကျွန်မ မလိမ္မာခဲ့ဘူး။ အခု ဒုတိယအစ်ကို တစ်ယောက် ရပြီဖြစ်တဲ့အတွက်၊ ကျွန်မ လိမ္မာခွင့်ရပြီထင်တယ်။ နော်... ကိုကို၊ ကျွန်မ ကိုကိုလို့ခေါ်မယ်နော်"

သူခေါင်းညိတ်သည်။

"ကျေးဇူးတင်လိုက်တာ ကိုကိုရယ်"





အလိုချင်ဆုံးအရာကို ရရှိလိုက်သူတစ်ယောက်၏ မျက်ရည်လဲ့ မျက်ဝန်းအလှကို မြင်တွေ့၏။

"ကျွန်မ ပြန်တော့မယ်"

ဟုပြောပြီး ခြေလှမ်းရွေ့သည်။ ကျောပြင်နက်ကို ငေးကြည့်ကျန်ရစ်လျက်...

"ကလေး"

ညင်သာစွာ ခေါင်းအလှည့်၊ ကေသာတို့ ယိမ်းနွဲ့သည်။

"ကိုကို့ဆီကို နေ့တိုင်းလာလည်မှာလား"

"နေ့တိုင်းတော့ လာဖြစ်မှာမဟုတ်ဘူး... ကိုကို၊ နေ့တိုင်းတော့ သတိရနေမှာပါ။ ခဏခဏ လာဖြစ်အောင် ကျွန်မ ကြိုးစားပါ့မယ်"

ကဗျာဖွဲ့သူ ဝတ္ထုဖန်တီးသူ တစ်ယောက်က လှ(မိန်းကလေး) တစ်ယောက်ကို စူးစိုက်စိမ့်တွေးကြည့်သည်။ သာမန်ချဉ်းကပ်မှုထက် ပို၍ ခင်တွယ်မိပြီဟု ကိုယ့်ကိုယ်ကို သိလိုက်သည်။

✿



www.burmeseclassic.com

www.burmeseclassic.com



သကြွန်အကြွတ်နေ့ နှစ်နေ့ ကုန်လွန်သည်အထိ၊ မျှော်လင့်နေသူ ပေါ်မလာခဲ့။

သကြွန်အတက်နေ့ မနက်ခင်း ပိတောက်သခင်မလေး အပြေးရောက်လာသည်။

ပိတောက်တွေ ဝေနေအောင် သူပန်ပေးသည်။

"ပျောက်သွားလိုက်တာ ရာလေးရယ်၊ အချိန်တွေအကြာကြီးပဲ"

ဟု သူပြောသည်။

"ကိုကို မျှော်နေတယ်ဆိုတာ ကလေးသိပါတယ်၊ ကလေး နေမကောင်းဖြစ်နေတာ ကိုကိုရဲ့"

"ဟုတ်လား။ ဖြစ်မှဖြစ်ရလေ ကလေးရယ်။ ကလေး နေထိုင်မကောင်းဖြစ်တဲ့အခါ ကလေးအိမ်ကို ကိုကို လာချင်တယ်။ အိမ်လိပ်စာ အတိအကျ ကိုကို့ကို ပြောပါလား။ ဒါမှမဟုတ် ကိုကို့ဘာသာ ကိုကိုသိအောင် စုံစမ်းရမလား။ နောက်ယောင်ခံလိုက်ရ





ပဲလေ"

ခေါင်းကို ညင်သာစွာခါသည်။ ပိတောက်ခက်တွေ၊ လှုပ်ယမ်း၏။

"မေမေကရော၊ ကိုကိုကြီးကရော... ကလေးကို တခြားယောကျ်ားလေးတွေနဲ့ ခင်မင်ခွင့်မပြုဘူး ကိုကို။ အဲဒါကြောင့်ပါ။ ကိုကိုဘာသာ စုံစမ်းမယ်၊ နောက်ယောင်ခံမယ်ဆိုတာမျိုးလဲ မဖြစ်စေချင်ဘူး။ တစ်ချိန်ချိန်မှာ ကိုကို့ကို ကလေးကိုယ်တိုင် အိမ်အထိ ခေါ်သွားမှာ။ ကိုကို့ဆီကို ကလေး မကြာခဏ ရောက်နေရင် ပြီးတာပဲ မဟုတ်လား"

ခေါင်းညိတ်လိုက်ရသည်။

မာမီလာချပေးသော မုန့်တွေကို အတူစားကြသည်။ မာမီက ကလေးကို ပြုံးပြသည်။

"မာမီ ဥပုသ်ရလား"

ဟု ကလေးကမေးသည်။

"ရတယ် သမီး။ သမီးတစ်ခေါင်းလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ ပြည့်နေပါရောလား''

ကလေးက ပြုံးလျက် ခေါင်းညိတ်သည်။

✿

သူရေးနေသော ဝတ္ထုစာအုပ် တစ်အုပ်ကို၊ ကလေးက စိတ်ဝင်တစား ဖတ်နေစဉ်။ သူ... သူငယ်ချင်းတွေရောက်လာသည်။ ရေပက်ခံ ထွက်ဖို့ခေါ်ကြသည်။ ညီမ ဝမ်းကွဲတစ်ယောက် ရောက်နေသဖြင့် အိမ်မှာသာ နေမည်ဖြစ်ကြောင်း သူပြောသည်။

ရှက်ရွံ့နေသူလေးကို ဝိုင်းကြည့်လျက်၊ သူငယ်ချင်း တစ်ယောက်က...

''မင်းညီမနာမည် ဘယ်သူလဲ၊ ညီမရှိတယ် ဆိုတာ လျှိုထားလို့ တမင်မေးတာ။ ပြော...။ မင်းမပြောရင် ငါကိုယ်တိုင်မေးမယ်''

မည်သို့ ဖြေရမည်မသိ။ ကလေးကို သူ ငဲ့ကြည့်သည်။ ကြောက်ရွံ့နေသော တကယ့်ကလေးငယ်တစ်ဦး၏ မျက်ဝန်းကိုသာ တွေ့သည်။





''Baby ဘေဘီ။ ငါ့ညီမ နာမည်က ဘေဘီ ...တဲ့။ ပြောပြီးပြီ။ မင်းတို့ပြန်တော့...''

နှင်ထုတ်သောကြောင့် ဝိုင်းရယ်ကြသည်။ ရယ်ချင်စိတ်ကို သူ... သိန်း၏။ မပြုံးမိအောင် တမင်နေသည်ဟု သူငယ်ချင်းတွေ သိသည်။

''ယောက်ဖ...''

ဟုတီးတိုးခေါ်ပြီး ကားပေါ်သို့ ပြေးတက်သွားကြသည်။

✿

''ကိုကိုက နာမည်ပေး သိပ်တော်တာပဲ။ ဘေဘီ... တဲ့''

''ဒါပေါ့ ကလေးရဲ့...။ ကလေးကမှ နာမည် အရင်းကို ပြောမထားတာ။ ကလေးနာမည် ဘယ်သူလဲ...ဟင်''

စကားရောရှု မေးသဖြင့် ပြုံးလေ၏။

''ဟင့်အင်း... မပြောချင်ဘူး။ ကိုကိုပေးတဲ့ နာမည်လေးတွေကိုပဲ ပိုပြီး မြတ်နိုးချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ခင်တွယ်စေသော စကား...။

အပြန်အလှန် ရေလောင်းဖြစ်သော ထိုနေ့ကိုသာ... သကြ[illegible]

ဟု ထင်ချင်၏။

✿ ✿ ✿



၃။

မာမီနှင့် တရင်းတနှီးရှိလာသည်။ မာမီကလည်း ဘေဘီဟု ခေါ်သည်။ နေအိမ်၊ နေရပ်၊ အစစအရာရာကို မမေးမြန်းမိအောင် မာမီ့ကို သူ ကြိုတင်ပြောပြထားသည်။

တစ်နှစ်နီးပါးကာလအတွင်း ကလေးနှင့်သူ... တကယ့် မောင်နှမအရင်းကဲ့သို့ ကျွမ်းဝင်ခင်မင်လာခဲ့ကြသည်။ သူ ပြောသမျှ ကို ကလေး နားထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်သမျှကို သူ လိုက်လျောသည်။ အနေအထိုင် အပြောအဆို၊ သိမ်မွေ့ပြီးသားဖြစ်ပါလျက် သူက ထိုထက်ပို၍ သွန်သင်၏။

သတိရစိတ်ကြောင့်လား မသိ။ အရွက်အခက် ကင်းမဲ့သော ပိတောက်ပင်အောက်ရှိ ခုံတန်းလျားကိုပင် ခင်တွယ်တတ်ခဲ့သည်။ ကလေးရောက်လာသည်ဖြစ်စေ၊ ရောက်မလာသည်ဖြစ်စေ၊ ထိုခုံတန်းလျားသည် ကဗျာဖွဲ့ရာနေရာ၊ စာရေးရာ နေရာ၊ မျှော်လင့် အောက်မေ့ရာ အလင်္ကာရပ်ဝန်း။

"ဒါဆို... မင်းနဲ့ဘေဘီက မောင်နှမ မဟုတ်ဘူးပေါ့။ ဘာမှ မတော်စပ်ဘူးပေါ့၊ ဟုတ်လား..."

သူငယ်ချင်းကို သူ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို... မင်းတို့နှစ်ယောက်ရဲ့ အခြေအနေက..."

"မောင်နှမ မိတ်ဆွေ သူငယ်ချင်း... သံယောဇဉ် အကြီးဆုံး လူနှစ်ယောက်"





ဟု သူဖြေသည်။

"တစ်နှစ်ပဲ ပြည့်တော့မယ်ဆို... နာမည် မသိ၊ နေရပ်မသိ၊ မျိုးရိုးမသိတဲ့ မိန်းကလေးတစ်ယောက်ကို မင်းဘာဖြစ်လို့ အိမ်ကို ဝင်ထွက်ခွင့် ပြုထားရသလဲ"

"သူမှ မသိစေချင်ဘဲကွာ။ ငါ မစုံစမ်းချင်ဘူး သူ့ကလေး သိက္ခာ၊ အနေအထိုင်၊ အပြောအဆို ဟာ စုံစမ်းစရာ မလိုလောက်အောင် ပြည့်စုံနေတာ အမှန်ပဲ" ဆိုရှင်

"အဲဒါကို ငါလက်ခံပါတယ်... မင်းနဲ့မှာ အရင်းဆိုရင်တောင် ယုံကြည်နိုင်စရာ မျက်နှာထားရှင် ပါ။ ဒါပေမယ့် မင်းရဲ့ သိက္ခာသမာဓိ၊ သူ့ရဲ့ ကာယုဗ္ဗေ ကို တစ်ချိန်ချိန်မှာ ထိပါးလာရင် ဘယ်လိုလုပ်မလဲ"

"မင်း... ဘာကိုဆိုလိုတာလဲ"

"မင်းတို့နှစ်ယောက်ရဲ့ သန့်ရှင်းခင်မင်မှုကို ထိပါးအောင် အစွမ်းဆောင်နိုင်ဆုံးက ပတ်ဝန်းကျင်

www.burmeseclassic.com



ပဲလေ။ ပတ်ဝန်းကျင်ရဲ့ အဝေးပစ်လက်နက်တွေက စာရေးဆရာဆိုတဲ့ မင်းရဲ့ဂုဏ်သိက္ခာ၊ ယေ်ရွယ်နေ တဲ့ ဘေဘီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်လာမှာ အမှန်ပဲ...။

သူ့မှာ အုပ်ထိန်းသူတွေရှိတယ်ဆို။ တရားဝင် ခင်မင်ခွင့်ရအောင် မင်းကြိုးပမ်းသင့်တယ်။ သူ့စိမ်း ယောက်ျားလေးတွေနဲ့ ခင်မင်ခွင့်မပြုဘူးဆိုပေမယ့် မင်း ဘယ်သူဘယ်ဂါဆိုတာ သိရင်၊ သူ့မိသားစုက မင်းကို ကျေးဇူးတောင်တင်ဦးမှာပါ''

ခေါင်းတညိတ်ညိတ်ဖြင့် သူ နားထောင်သည်။

''မေးပါရစေဦး။ ဘေဘီနဲ့ပတ်သက်ပြီး မင်း ရင်ထဲကို ငါသိချင်တယ်''

သူပြုံးသည်။

''ထွေထွေထူးထူး ပြောစရာမရှိပါဘူးကွာ။ သူ့ ကို သတိရလို့ မင်းကို သူ့အကြောင်း ငါပြောဖြစ်တာ ပဲ။ ကလေးကို ငါ သာမန်စိတ်ဝင်စားခြင်းမျိုးနဲ့ စိတ်





ဝင်စားခဲ့တာ။ နောက်တော့ သူ့ဖြူစင်မှုကို သိပြီး ညီမငယ်လေးတစ်ယောက်လို ချစ်လိုက်တာ...။

အခုလောလောဆယ် ဖြစ်ပေါ်နေတဲ့ အသည်း နှလုံးရဲ့ဆန္ဒကိုတော့... ငါ့အသိဉာဏ်နဲ့ ငါထိန်းသိမ်း ထားနိုင်ပါသေးတယ်''

''မဆိုးပါဘူး။ မင်း အမှန်အတိုင်း ဝန်ခံသား ပဲ။ မောင်နှမတွေဆိုရင်လဲ မင်းနဲ့ဘေဘီက သွိပ်ကို ချစ်ခင်တဲ့ မောင်နှမတွေ ဖြစ်မှာပဲ။ ချစ်သူတွေဆိုရင် လဲ လိုက်ဖက်တင့်တယ်တဲ့၊ ချစ်သူနှစ်ယောက် ဖြစ်မှာ သေချာတယ်။ ဘာပဲဖြစ်ဖြစ်ကွာ၊ သူ့ရဲ့ ဘဝဝန်းကျင် ကို မင်းသိထားသင့်တယ်၊ ငါ့အကူအညီ လိုသေးလား''

သူ လက်ကာသည်။

''မင်း အခုပြောတဲ့ အကြံပေးစကားက ငါ့ကို ကူညီပြီးသား ဖြစ်သွားပါပြီကွာ။ ငါ မင်းကို အရမ်း ကျေးဇူးတင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ဖူးနုတွေက နွေရောက်ပြီဟု သတိပေးသည်။

ဖက်စွတ်မိုးရွာသည်။

ခရီးသွားနေစဉ် သုံးလအတွင်းကလေးလေးခေါက်တိတိ လာ
ကြောင်း မာမီပြောသည်။ သူ ရေးခဲ့သော နှုတ်ဆက်စာကို ဖတ်ပြီး
မျက်ရည်ဝဲကြောင်း သိရ၏။

ကလေး ညွန့်ပြဖူးတဲ့ ရပ်ကွက်ထဲမှာ ကိုကိုလာရှာသေးတယ်
ကလေးသော နေရပ်လိပ်စာ ပြောပြထားရင် ကိုကို နှုတ်ဆက်စကား
ပြောခွင့်ရမှာပါကလေးရယ်... ဟူသော ဝါကျကို သတိရသည်။
ခရီးရောက်မဆိုက် ကြုံဆုံခွင့်ရသောအခါ ကြည်နူးမှုတွေ ကြီးမား
ဖြစ်ကြသည်။

"မငိုပါနဲ့ ကလေးရယ်။ ကိုကို ခရီးမကြာခဏ
သွားရတာ၊ ကလေးသိသားပဲ။ ကိုကို့ကို စိတ်ဆိုးနေ
တာလား"

မျက်ရည်တွေ ဖယ်သုတ်သည်။

"ကိုကို့ကို စိတ်မဆိုးပါဘူး။ ကလေး ကိုကို့ကို





သတိရနေတာ"

"ကိုကို ပြန်လာပြီပဲကွယ်။ မငိုနဲ့တော့နော်"

ခေါင်းညိတ်နာခံသည်။ မိုးတွေမိလာသဖြင့် တစ်ကိုယ်လုံး ရွဲရွဲ
စိုသည်။ မာမီက အဝတ်အစားလဲခိုင်းသည်။

"ရတယ် မလဲတော့ဘူး မာမီ"

ဟု ကလေးပြောသည်။ သူအတန်တန်ပြောမှ အဝတ်အစား
လဲဖို့ ခေါင်းညိတ်သည်။

မာမီလဲပေးသော အဝတ်အစားဖြင့် သူ့ရှေ့သို့ ပြန်ရောက်လာ
၏။ သူ ဖျော်ထားသော ကော်ဖီပူပူလေးကို သောက်သည်။

ပါတိတ်လုံချည်နှင့် ရှပ်အင်္ကျီ ခပ်ပွပွတို့ကြောင့် ကပိုကရို
လှနေသည်ကို သူမြင်၏။ ရေစက်တွေ မကင်းစင်သေးသော ဆံပင်
ရှည်ကို မွှေးပွပုဝါကြီးဖြင့် ခပ်ဖွဖွသုတ်ရင်း...

"ပိတောက်တွေ ပွင့်တော့မှာပေါ့။ နော်...
ကိုကို"

"အင်းပေါ့ ကလေးရဲ့။ နောက် ငါးရက်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ကိုကိုနဲ့ ခင်မင်ခဲ့ကြတာ၊ တစ်နှစ်ပြည့်ပြီ အဲဒီအထိမ်းအမှတ်အတွက် ကလေးကို ကိုကို ဘာ လက်ဆောင်ပေးရမလဲ''

မမြင်ရတာကြာပြီဖြစ်သော အပြုံးပွင့်လေးကို ပြန်တွေ့ရ၏။

''သင်္ကြန်ကျတော့မယ် ကိုကို၊ ဧပြီလ ဆယ့် ခြောက်ရက်နေ့က သင်္ကြန်အတက်နေ့၊ အဲဒါ ကလေးရဲ့ မွေးနေ့ပဲ။

အဲဒီနေ့ကျမှပဲ ကိုကို့ဆီက လက်ဆောင်လိုချင် တယ်။ ပြီးတော့ ကိုကို့ကို၊ အဲဒီနေ့မှာ လက်ဆောင် တွေ ပြန်ပေးချင်တယ်''

''ကိုကို၊ ဘာလက်ဆောင်ပေးရမလဲ။ ပြော''

''ပိတောက်ပန်းတွေ ပေးရမယ်လေ။ ပြီးတော့ ပိတောက်ပန်းနဲ့ပတ်သက်တဲ့၊ ကိုကို့ရင်ထဲက ကဗျာ တစ်ပုဒ်ကို ကလေး သိပ်လိုချင်တာပဲ။ ကိုကိုပေးမှာ လား''





''ပေးမှာပေါ့၊ ကလေးရဲ့''

ဟု ပြုံးလျက် သူပြောသည်။

''ကလေးသာ ကဗျာရေးတတ်ခဲ့ရင် ပိတောက် ပန်းတွေကို ဘယ်လိုဟင်စားမလဲ။ ကိုကို့ကို ပြောပြ ပါဦး''

မြင်နေရသော ပိတောက်ပင်ကြီးဆီသို့ လှမ်းကြည့်သည်။

''အတာကူးတဲ့အခါ သိကြားမင်းက လူ့ပြည် ကို ဆင်းတယ်။ နတ်ဘုံနတ်နန်းက နတ်သမီးလေး တွေကလဲ သိကြားမင်းနဲ့အတူ မဟာသင်္ကြန်ကို ကြိုဆို ဖို့၊ ပိတောက်ပန်းအသွင်နဲ့ ဝင်စားကြတယ် ထင်တာ ပဲ။

ပိတောက်ပန်းလေးတွေ ယိမ်းကနေတာကို မြင် တိုင်း ဘုံကြိုးပြတ်လာတဲ့ နတ်သမီးလေးတွေ ယိမ်းက နေတယ်လို့ မြင်တယ်။ အဲဒီလို တင်စားရင် ကဗျာ ဖြစ်ပါ့မလား ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်သည်။

"ကလေးက သိပ်တော်တာပဲ၊ ကိုကိုသာ ဝိတောက်ပန်းကို ကဗျာဖွဲ့ရင် ကလေးလောက်တောင် တင်စားတတ်မှာ မဟုတ်ဘူး။ ပြောပါဦး။ မွေးနေ့မှာ ကလေးက ကိုကို့ကို ဘာလက်ဆောင်တွေ ပေးမှာလဲ"

"ကိုကိုက ဘာလက်ဆောင် လိုချင်လဲ"

အဖြေစကားကို ချက်ချင်း မပြောဖြစ်။ ဆုံသော မျက်ဝန်းတွေ မလွှဲဖယ်မိကြ။

"ကလေးပေးသမျှ ကိုကို လိုချင်တာပေါ့"

"သကြန်အတက်နေ့မှာ ကလေးရဲ့နာမည်ကို ကိုကို့အတွက် လက်ဆောင်ပေးမယ်၊ ကိုကို့ကို အိမ်အလည်ခေါ်မယ်၊ ပြီးတော့ ကလေးရဲ့အကြောင်းတွေ အကုန်ပြောပြမယ်"

အံ့သြဝမ်းသာရလေသည်။

"တကယ်ပြောတာလား ကလေးရယ် ၊ ကိုကို





ဝမ်းသာလိုက်တာ"

"တကယ်ပါ ကိုကို၊ ကိုကို့ရင်ထဲက ကဗျာတစ်ပုဒ်ကို ကလေးအရမ်းလိုချင်တယ်၊ ရင်ထဲမှာရှိတဲ့ အတိုင်း ရေးရမယ်နော် ကိုကို"

သူခေါင်းညိတ်သည်။ ကလေးက သူ့လက်နံ့ပေါ်သို့ လက်ဖဝါးနုလေးဖြင့် အုပ်မိုးဆုပ်ကိုင်သည်။

စိုစွတ်ပြီးစ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဝိတောက်ရနံ့တွေ ပျံ့ဝေနေသည်ဟု ကြိုတင်ခံစားရ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

၄။

ပိတောက်တွေဝေနေသည်။ ကြွေသောပိတောက်ကို ကလေးကိုယ်စား သူကောက်သည်။ ပင်ယံရှိ ပိတောက်ခက် ပိတောက်ပွင့်တွေကိုတော့ သည်အတိုင်းထားသည်။

စမ်းရေပြာ စာပေ



ကလေးရောက်လာမှ လန်းဆန်းသော ပိတောက်တွေကို ရောက်လျှင်ရောက်ချင်း နုံးဆွတ်ပန်ဆင်ပေးမည်ဟု ကြိုတင်ကြည်နူးကာ လာရာလမ်းကို မျှော်မှန်း၏။

အလွမ်းတို့ကြောင့် ပန်းတချို့တောင် နွမ်းလုပြီ။

✿

''မင်း သင်္ကြန်ထွက်မလည်တာ နှစ်ကြိမ်ရှိပြီ''

ဟု သူငယ်ချင်းတွေ စိတ်ဆိုးမာန်ဆိုးပြောသည်။ မနိုင်လုံသော အကြောင်းပြချက်များဖြင့် သူဖြေရှင်းသည်။ ဖြေရှင်းမရသည့်အဆုံး ရင်တွင်းရှိသမျှ သူဖွင့်အံသည်။ သူငယ်ချင်းတွေ နှုတ်ဆိတ်သွားကြသည်။ အပြစ်ဖို့သံတွေ ငြိမ်သက်သွားသည်။

၁၉၉၄ ဧပြီလ (၁၆) ရက်၊ စနေနေ့

(မဟာသင်္ကြန် အတက်နေ့)

ပိတောက်ပင်ကြီး၏ အောက်ရှိခုံတန်းလျားတွင် သူထိုင်သည်။ ဝင်းနံရံအပြင်ဘက် လာနေကျလမ်းသို့ မှန်းဆ‌ဝေးမျှော်သည်။

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



အတွေး စိုးဆိတ်များကြောင့် ထင်ရာအရပ်သို့ ပျံသန်းပြေးလွှား သွားချင်သည်။

(နေကောင်းရဲ့လား ကလေးရယ်...

ညနေစောင်းတော့မယ်။ ကလေး ဘာကြောင့် ရောက်မလာ သေးတာလဲ။

ကိုကို လာရှာချင်ပါတယ်...။

ကလေးကိုမယုံကြည်လို့ ရှာဖွေတာမျိုးဖြစ်မှာ စိုးရိမ်တယ်။

ဒီကစ်နေဝင်သွားလို့မှ ကလေးပေါ်မလာရင်၊ ရှိမယ်ထင်တဲ့ အရပ်၊ တွေ့မယ်ထင်တဲ့နေရာကို ရှာဖွေခွင့်ပြုပါကွယ်။

ကလေးကိုတွေ့ရင် ကိုကို စကားတွေအများကြီးပြောတယ်။ ကလေးပြောမယ့်စကားသံလေးကို ကိုကို နားထောင်ချင်တယ်။

ကလေးရေ...

ကိုကိုနဲ့အတူ ဘုံပြတ်ပန်းပွင့်လေးတွေ၊ ကလေးကို မျှော်နေကြတယ်လေ။ ကိုကို ဘယ်လောက်လွမ်းတယ်ဆိုတာ ဘုံပြတ်ပန်းပွင့်လေးတွေကို မေးကြည့်စမ်းပါ။





ကိုကို ဘယ်လောက်သတိရနေတယ်ဆိုတာ သူတို့ပြောပြနိုင် ပါလိမ့်မယ်။

ဝေနေတဲ့ ဝိတောက်ပွင့်တွေကြားမှာ

ကိုကို့အလွမ်းတွေ ရှိတယ်။

ကြွေနေတဲ့ ဝိတောက်ပွင့်တွေထဲမှာ...

ကိုကို သတိရခြင်းတွေရှိတယ်။

ကိုကို့ကိုယ်စား ဝိတောက်ပွင့်တွေတောင် လွမ်းတတ်ပြီ။

ကိုကို ကဗျာရေးဖြစ်တယ် ကလေး...။

ရင်နဲ့ရင်းပြီးရေးရတဲ့ ကဗျာတစ်ပုဒ်ပါ။

ကဗျာထဲမှာ စိတ်ဆိုးစရာပါခဲ့ရင် ကိုကို့ကို ခွင့်လွှတ်ပါ။

ရင်ထဲမှာရှိတဲ့အတိုင်း...

လက်လှမ်းမှီရာ ဝေါဟာရတွေနဲ့ ရေးဖွဲ့လိုက်တာပါ

ကလေးရယ်...။)



www.burmeseclassic.com

www.burmeseclassic.com

## အသည်းကွဲပန်းပွင့်ဆီနိယာမကောက်ကြောင်း

လွမ်းသူ့ကိုယ်စား

တစ်နှစ်ကူးပေမယ့်

မချစ်ဖူးသေးတာ ယုံပါ… ခင်။

မယုံလျှင်

ပိတောက်ပင်ကို ခင် မေးကြည့်။

ပွင့်ခက်ညှာ ရွှေရည်အပြည့်

လွင့်တက်ကာ လေမှာမြူးချင်သော်လည်း

(ပိတောက်ခမြာ)

အထီးကျန်သူ မောင့်ကိုမြင်လို့

မဖူးချင် မပွင့်ချင် (သူ့) အမူအရာနဲ့

လူတကာကို

မုဆာကာ ဝေမျှပေးနေတဲ့

ရွှေဝါရောင် ပွင့်ဖတ်တွေကြားမှာ

လွမ်းစာတွေ ဖြည့်။ ။

✿





အိမ်ဝင်းတံခါးဝတွင်ရပ်လျက်၊ မျက်စေ့တစ်ဆုံး မျှော်ငေးသည်။ ...ရပ်နေရာသို့ ရွယ်တူလူနှစ်ယောက်လာသည်။ ပိတောက်ပင် တစ်ပင် ...ုံးရှိ ပိတောက်ပန်းတွေကို ဝယ်ယူချင်ကြောင်းပြောသည်။

ဒေါ်သသင့်သောစိတ်ကို ကြိတ်မှိတ်မျိုသိပ်လိုက်ရ၏။

"ဖြစ်နိုင်ရင် ရောင်းပါဗျာ၊ ကျွန်တော်တို့အတွက် သိပ်အရေးကြီးနေလို့ပါ"

"မဖြစ်နိုင်လို့ပါဗျာ၊ စိတ်တော့မရှိပါနဲ့၊ ဒီ ပိတောက်ပင်က ပိတောက်ပန်းတွေ အကုန်လုံးကို ကျွန်တော်ပေးရမယ့်သူ ရှိနေလို့ပါ"

နှစ်ယောက်စလုံး သူ့ရှေ့မှ ထွက်ခွာသွားကြသည်။ မကျေ ...ပ်စွာ ကျန်ရစ်ခဲ့ရ၏။

✿

လွန်စွာထူးဆန်းသော မြင်ကွင်း။ တစ်ရံတစ်ခါမျှ မမြင်တွေ့ ...ူးသော ရှုပန်း။

လူ လေးငါးယောက်ထမ်းလာသော တလားပေါ်တွင် ပိတောက်...



www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ အပြည့်အသိပ်။ လှမ်းသူပန်းခွေ ကိုင်ဆောင်ထားကြသူများ၏ လက်အတွင်းမှ ပန်းခွေတို့သည်လည်း ပိတောက်ပန်းဖြင့် ဆင်ယင်ထားသည်။

အနောက်ဘက်မှ ဘီးလိမ့်ရုံ လိုက်ပါလာသော ပို့ဆောင်သည့် ယာဉ်တန်းတစ်ခုလုံး ပိတောက်နိုင်တွေ၊ ဖါထိန်နေလေသည်။ အတော့်နှင့် ကြိုကြိုက်သောကြောင့် သင့်သင့် မသင့်သင့်၊ တော်တော် မတော်တော် ဆင်ယင်တာပဲဟု သူတွေးဖြစ်သည်။

ရှာပနတွက်ခွာလာရာအရပ်ကို သတိပြုမိသောအခါကျမှ သူ့စိတ်တွင် ထင့်ခနဲဖြစ်သွားသည်။

ခပ်လှမ်းလှမ်းတွင် နိဗ္ဗာန်ယာဉ်တစ်စီး ရပ်ထားသည်။ နိဗ္ဗာန်ယာဉ်တွင်လည်း ပိတောက်နိုင်တွေ အနှံ့အပြား။

နိဗ္ဗာန်ယာဉ်အတွင်းသို့တင်ရန်ပြင်သော တလားအနီကို သူ့ခြေလှမ်းတွေ အလိုလိုရောက်သွားသည်။

တလား၏အပြင်ဘက်တွင် ရေးထားသောအမည်နာမကို နီးကပ်စွာ တွေ့မြင်လိုက်ရ၏။





မေပိတောက်ဝါ

အသက် (၂၂) နှစ်

ရှာပန

တစ်ခုခုကို စိုးထိတ်သကဲ့သို့ ဖြစ်သည်။ ငိုသံတွေကို ကြားသည်။ ပို့ဆောင်သည့်ယာဉ်တစ်စီးပေါ်သို့ သူ လျှင်မြန်စွာ တက်လိုက်၏။

✿

အုတ်ဂူအနီးတွင် တလားကိုချသည်။ ငိုကျွေးနေသော အမျိုးသမီးကြီးတစ်ဦးကို အမျိုးသမီးနှစ်ယောက် ဖေးမယုဉ်တွဲထားသည်။

တလားဖွင့်ချိန်ကို သူ စောင့်သည်။ မြန်မြန်ဖွင့်ပါစေ ဆုတောင်းသည်။

အုတ်ဂူအတွင်းသို့ ထည့်ခါနီးတွင် တလားအဖုံးကိုဖွင့်၏။ လူတွေ ငိုင်းအုံသွားကြသည်။ ဖွင့်လိုက်သော တလားအတွင်း ပိတောက်ရနံ့တွေ သင်းလှိုင်နေသည်ကို သိလိုက်၏။ လူများစွာကို တိုးဝှေ့လျက် တလားအတွင်းသို့ သူကြည့်၏။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပန်းတွေ စေနေအောင်ပန်ထားသော ကလေး

မျက်နှာကို သူတွေ့မြင်လိုက်သည်။ ရင်တွင် ဆို့နင့်စွာ ခံစားရသည်

ဝင်သက်ထွက်သက်ကို သတိမမူမိတော့။

အသက်ရှူရပ်သွားသူတစ်ယောက်ကဲ့သို့ ဖြစ်သည်။ မျက်

မတ္တေအောင် ထိန်းသည်။ တိုးဝှေ့နေသူတွေအကြားတွင် သူ... ကျောက်

တစ်ရုပ်ဖြစ်သွား၏။

''သမီးလေးရေ သမီးလေး''

မိခင်၏ အော်ငိုသံက ငိုခွင့်မရသောရင်ကို ကွဲအက်စေ

သည်။

ပခုံးပေါ်သို့ လက်ဖဝါးတစ်ခု ကျရောက်၏။ သူ ငဲ့ကြ

သောအခါ သူ့ကို စူးစိုက်ကြည့်နေသူတစ်ဦးကို တွေ့သည်။

''မင်း ဘာလာလုပ်တာလဲ''

မည်သို့မျှမဖြေဘဲ ထိုသူကိုသာ သူကြည့်၏။ သူ့ကို အ

အချာကြည့်ပြီးမှ ထိုသူက

''ဆောရီးကွာ ကိုယ် လူမှားသွားတယ်၊





နာမည် သက်ဖော်မဟုတ်ပါဘူးနော်''

သူ ခေါင်းရမ်းသည်။

''ဒါဆို မင်းနာမည်...၊ မျိုးဝေလား''

''ဟုတ်ပါတယ်''

မျက်နှာအသွင်ပြောင်းသွားသည်။ သူ့ပခုံးကိုဖက်လျက်၊ လူအုပ်

အကြားမှ တွဲခေါ်သွားသည်။ အပွင့်အခက်မဲ့နေသော ပိတောက်ပင်

တစ်ပင်အောက်တွင် ရပ်သည်။

''ကိုယ်က မေပိတောက်ရဲ့အစ်ကို မြတ်မင်းပါ၊

မင်းနဲ့သူနဲ့ ဒီနေ့ချိန်းထားကြတယ်ဆိုတာ ဒီနေ့မှ ကိုယ်

သိတာ၊ ညီမလေးရဲ့ဒိုင်ယာရီကို လှန်ခဲ့တဲ့နာရီပိုင်း

လောက်ကမှ ကိုယ်ဖတ်ဖြစ်တယ်၊ မင်းကို အသိမပေး

ဖြစ်တဲ့အတွက် ကိုယ့်ကိုခွင့်လွှတ်ပါ''

အုတ်ဂူရှိရာဘက်သို့ သူ တစ်ချက်လှမ်းကြည့်ဖြစ်သည်။ လူတွေ

အုံနေဆဲရှိ၏။

''ညီမလေး ဆုံးခါနီးတော့ မင်းကို တဲ့သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုကို…တဲ့။ ကိုကို့ဆီကို လာခဲ့မယ်… တဲ့ ကယောင်ကတမ်းပြောပြီး ဆုံးသွားရှာတယ်''

မျက်ဝန်းကို ပုတ်ခတ်သည်။ ကြားယောင်နေသော စကားသံလေးတွေကို အာရုံမှ ဖျောက်ဖျက်မရ၊

''ကိုကိုဆိုတာ ဘယ်သူမှန်းမသိဘူး၊ ဒါပေမဲ့ သူ သံယောဇဉ် ထားတဲ့သူဆိုတာတော့ တွေးမိတယ် ညီမလေး ကံဆိုးရှာပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်ကွာ၊ သက်ဇော်ဆိုတဲ့လူတစ်ယောက်နဲ့ အချိန်မတန်ခင်မှာ သူ လက်ထပ်မှုးတယ်၊ အချိန်တိုတိုအတွင်းမှာပဲ သူ အိမ်ပြန်ရောက်လာတယ်၊ သူ့ အိမ်ထောင်ဘက်က လူ့ပွဲရေးဖောက်ပြန်လို့တဲ့။

ညီမလေးက နဂိုကတည်းက ကျန်းမာရေးမကောင်းဘူး။ စိတ်ထိခိုက်စရာကြုံတော့ ပိုဆိုးတာပေါ့။ ကိုယ်တို့သားအမိနှစ်ယောက် ညီမလေးကို ပိုပြီးချစ်လိုက်ကြတယ်၊ ပိုပြီးအလိုလိုက်တယ်၊ ဒီတစ်နှစ်လောက်





အတွင်းမှာ ညီမလေး သိပ်လိမ္မာလာတယ်၊ ဘာသာတရား ကိုင်းရှိုင်းလာတယ်၊ မျက်နှာလေးလန်းလာတယ်၊ အဲဒါ မင်းရဲ့ကျေးဇူးကြောင့်ဆိုတာ ဒီနေ့မှ အစ်ကိုသိရတာပါ''

သူ့ထံသို့ စာအုပ်တစ်အုပ် လှမ်းပေးသည်။

''အဲဒါ ညီမလေးရဲ့ဒိုင်ယာရီပဲ၊ မင်းလိုချင်မယ်ထင်လို့ ကိုယ် ပေးတာပါ၊ ညီမလေးရဲ့ မွေးနေ့လက်ဆောင်ပေါ့ကွာ''

ကိုမြတ်မင်း၏စကားသံ တိမ်ဝင်သွားသည်။ ပေးသောစာအုပ်ကို သူ လှမ်းယူသည်။ ရင်ခွင်တွင်အပ်ထား၏။

''ညီမလေးက နေမကောင်းဖြစ်တိုင်း သူသေရင် ပိတောက်ပန်းတွေနဲ့သေချင်တယ်တဲ့၊ အမြဲတမ်းပြောတယ်၊ အခု သူ့ဆန္ဒအတိုင်း ပြည့်သွားပြီပေါ့ကွာ၊ အနီးအနားမှာရှိတဲ့ ပိတောက်ပန်းအားလုံးကို လှူခဲ့ပြီး ဝယ်နိုင်းလိုက်တာလေ၊ ညီမလေးရဲ့ ရှာမှာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး ပိတောက်တွေကို ဝေနေတာပဲ''

ကြေကွဲစွာပြုံးလျက် ပြောသည်။

မျက်ရည်ဝဲသည်ကို ဝိုးတဝါးမြင်၏။

''ကျွန်တော့်ပိတောက်ပင်က ပိတောက်ပန်းတွေ မေပိတောက်ဝါရဲ့ ရှာပနမှာ ဆင်ယင်ခွင့်မရဘူး ကျွန်တော့်ဆီကို လာဝယ်ကြတယ် အစ်ကို၊ ကျွန်တော် မပေးလိုက်မိဘူး။ ကျွန်တော်...''

''ကံတရားပေါ့ ညီလေးရယ်၊ သက်ဇော်နဲ့မင်း ရုပ်ချင်းဆင်တယ်၊ ဒါပေမဲ့ ညီမလေးအပေါ်ထား စိတ်ချင်းမတူဘူး။ မင်းထားတဲ့သံယောဇဉ်စိတ်က ပြ ကြီးမားလွန်းပါတယ်ကွာ၊ ညီမလေးအတွက် ကို မင်းကို ကျေးဇူးတင်ပါတယ်''

ခေါင်းမော့ထားမိသည်။ ကျလုလုမျက်ရည်တွေကို တင်း ထိန်းချုပ်နေရ၏။

''အခေါင်းကို အုတ်ဂူထဲထည့်ပြီလားမသိ





သွားကြရအောင်''

ဟု ကိုမြတ်မင်းပြောသည်။

''အစ်ကို''

''ပြောလေ ညီလေး''

''ကျွန်တော့် တစ်ခုလောက် တောင်းဆိုပါရစေ၊ ကျွန်တော်ရေးထားတဲ့ ကဗျာစာရွက်ကို မေပိတောက်ဝါရဲ့ အုတ်ဂူထဲမှာ ထားပါရစေ...''

ကိုမြတ်မင်း ခေါင်းညိတ်သည်။ အပွင့်မဲ့ ပိတောက်ရိပ်အောက်မှ ပိတောက်ရနံ့တွေ သင်းလှိုင်ရာသို့ လှမ်းခဲ့ကြ၏။

''သူ ဘာရောဂါနဲ့ ဆုံးတာလဲဟင်။ နှလုံးရောဂါကြောင့်ပဲလား''

''ဖျားတာ၊ ခွေးကိုက်ခံရဖူးတဲ့ အနာကြောင့်ဖျားတာ။ ခွေးရူးပြန်ရောဂါလို့ခေါ်မှာပေါ့ကွာ။ လွန်ခဲ့တဲ့တစ်နှစ်လောက်က သူ ခွေးကိုက်ခံရဖူးတယ်လေ''

''ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



နှောင်းသောကာလသို့ ရောက်တိုင်း၊ အတိတ်ကို တစ်ခါ တစ်ခုစီ ပြုပြင်မွမ်းမံချင်မိ၏။

"အုတ်ဂူက ပိတ်ပြီးပြီ အစ်ကိုကြီး"

"ပိတ်ပြီးလဲ ပြန်ဖွင့်ကွာ။ မင်းတို့ လိုချင် သလောက် ပိုက်ဆံပေးမယ်"

အုတ်ဂူ မွမ်းမံသူများက အုတ်ဂူကို ပြန်ဖွင့်ဖို့ လက်ပြင်သည်။ သူ ကမန်းကတမ်း တားသည်။

"နေ… နေ၊ မဖွင့်နဲ့၊ မဖွင့်နဲ့တော့"

ကိုမြတ်မင်းဘက်သို့ သူငဲ့ကြည့်လျက်…

"အုတ်ဂူယံကို ကဗျာစာရွက်ထည့်ပေးလိုက်ရင်၊ ကြာတော့ စာရွက်ပျက်စီးသွားနိုင်တယ်။ မေပိတောက် ပါကို သတိရတိုင်း ဒီကဗျာလေးကို အုတ်ဂူဘေးမှာ လာရွတ်ပြနေတာကို သူပိုပြီး နှစ်သက်မှာပါ။ အုတ်ဂူ ကို မဖွင့်ပါနဲ့တော့ အစ်ကို။ အစ်ကို့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

စမ်းရေပြာ စာပေ



ကိုမြတ်မင်းနောင်က သူ့ပခုံးကို ဆုတ်ကိုင်လိုက်သည်။ မေး ကြောတွေ တင်းမာနေသည်ကို သူမြင်သည်။ နှစ်ဦးစလုံး မျက်လုံး တွေကို မှိတ်ပစ်လိုက်ကြ၏။

မျက်ရည်ပေါက် မည်မျှကျသွားသည်ကို ခန့်မှန်းနိုင်စွမ်း မရှိ တော့။

✿

တစ်နှစ်စာ ဒိုင်ယာရီ၏ စာမျက်နှာများကို ဖတ်ရင်း… တသစွာ တမ်းတမိသည်။

ကိုကို့လို လူတစ်ယောက်က ဘာကြောင့် သက်ဖော်လိုလူမျိုးနဲ့ ရုပ်ချင်းဆင်နေရတာလဲ ကိုကို။ ကိုကို့ကိုမြင်တိုင်း သက်ဖော်ကို ပိုမုန်းတယ်။

ကိုကို့လို ကြင်နာမြင့်မြတ်တဲ့သူနဲ့ နှောင်းမှ တွေ့ခွင့်ပေးတဲ့ ကံကြမ္မာကို ကလေး မကျေနပ်ဘူး။ ကလေးလေ ကိုကို့ရဲ့ ညီမ အရင်းလေးဖြစ်ချင်တယ်။ ပြီးတော့လေ…

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



..............................

......................

ကိုကိုရယ်...။

မေဇီတောက်ဝါဟာ ကိုကိုနဲ့ မထိုက်တန်ပါဘူး။ မေဇီတောက် ဝါရဲ့နာမည်၊ မေဇီတောက်ဝါရဲ့ ဘဝ အဲဒါတွေကို ကိုကိုနဲ့ မပတ် သက်စေချင်ဘူး။

ကိုကိုနဲ့ ပတ်သက်စေချင်တာ၊ ကလေးလို့ခေါ်တဲ့ နာမည်လေးနဲ့ပဲ ပတ်သက်နေချင်တယ်။

မေဇီတောက်ဝါအကြောင်း ကိုကို မကြားသိစေ ချင်ဘူး။

..........................................

......................။

✿ ✿ ✿



၅။

၁၉၉၅ ဧပြီ (၁၆) ရက်၊ တနင်္ဂနွေနေ့

(မဟာသင်္ကြန် အတက်နေ့)

ရာသီကို ဖွဲ့ဆိုဖို့ မိုးစက်ပွင့်တွေ နှင်းဆီပွင့်တွေ သစ်ရွက်ခြောက်တွေရှိတယ်။ ရင်ထဲက ဝေဒနာကို ပုံဖော်ပြဖို့အတွက် ဝေါဟာရတွေ၊ စကားလုံးတွေ ကိုကိုမှာ ရှိချင်လိုက်တာ ကလေးရယ်။

ဇီတောက်တွေ ပွင့်နေပြီလေ။ ဇီတောက်တွေ ဝေနေပြီ ကိုကို ဘယ်လိုခံစားရမှာလဲကွယ်။ ကိုကိုဘယ်လို တမ်းတရမလဲ။ သဘာဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



တာထက် ပိုပြီးသတိရတာယ်။ လွမ်းတယ်ဆိုတာထက် ပိုပြီး လွမ်းတယ် လွမ်းဆွတ်သတိရတဲ့ ကိုကို့ရင်ထဲက တသခြင်းတွေကို ဘယ်လိုပုံဖော် ပြရမလဲ။

ကလေးရယ်...

စီးကျလာတဲ့ မျက်ရည်တွေက ကိုကိုဖော်ပြနိုင်တဲ့ ဝေါဟာရ တွေပါပဲ။ ကိုကို ငိုပါရစေ။ ကိုကို့ကို မျက်ရည်ကျခွင့်ပြုပါ။ ဟောဒီ ပိတောက်ပင်ကြီးအောက်မှာ တစ်ယောက်တည်းထိုင်ပြီး ကလေးကို တမ်းတခွင့်ပြုပါကွယ်။

✿

ကလေး ဘယ်ကိုရောက်နေသလဲ။ ကလေးတစ်ယောက် ကောင်းမွန် မြင့်မြတ်ရာ ဘုံဘဝကို ရောက်နေလိမ့်မယ်လို့ ကိုကို ယုံကြည်ပါတယ်။

အကယ်၍များ အဲဒီဘုံဘဝက စုခွေခဲ့ရင်တောင်၊ ကိုကို ငေးကြည့်နေတဲ့ ပိတောက်ပွင့်တွေကြားမှာ ကလေးရဲ့ ဝိညာဉ်လေး တည်နေပါစေသတည်း။





...............................

...............................

...............................။

ပွင့်ခက်ညွှာ ရွှေရည်အပြည့်နဲ့
လွင့်တက်ကာ လေမှာမြူးရှင်သော်လည်း
(ပိတောက်ခမြာ)
အထီးကျန်သူ မောင့်ကိုမြင်လို့
မပွားချင် မပွင့်ချင် (သူ့)အမူအရာနဲ့၊
လှုတကာကို
ပူဆာကာဝေမျှ ပေးနေတဲ့
ရွှေဝါရောင် ပွင့်ဖတ်တွေကြားမှာ
လွမ်းခတ်တွေဖြည့်။ ။

✿

သင်္ကြန်မှာ ကိုကိုမပျော်တာ ပိတောက်ပင်ကြီးနဲ့ကိုကို့ကို ကလေး ထားခဲ့တာ၊ လေးနှစ်ပြည့်တော့မယ်။ ကလေး မကြားနိုင်ပေ ငယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို စကားတစ်ခွန်း ပြောခွင့်ပြုပါ။ ကလေးကို ကိုကို သိပ်ချစ်တယ်

ကလေးရေ...

ကိုကို ငိုပါရစေ။

✿✿✿✿✿

စမ်းရေပြာ ၈၁၄၅

# နိယာမများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ထိုအိမ်ဝင်းကြီး၏ ဇာတ်မြစ်ကို ကျွန်တော်ကောင်းစွာ မှတ်မိနေ
သည်။ အိမ်ဝင်းကြီး၏ ဝင်းနံရံရိုက်ပျိုးပင်တွေ၊ ပန်းအလှတွေ၊
ဝင်းတံခါးနှင့် အိမ်ပုံစံတွေသာ ပြောင်းလဲသွား၏။ ထိုအိမ်ဝင်း၏
ရှင်တွေမှာ ယခင်ပိုင်ရှင်များသာ ဖြစ်လေသည်။ ပိုင်ဆိုင်မှု မပြောင်း
သော အိမ်ခြံဝင်း။

သို့သော်...

✿



www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်တော်တို့ငယ်စဉ်က ပြေးတမ်းလိုက်တမ်း၊ စစ်တိုက်တ[...] ဝှင်ရာထိုးတမ်း၊ မြောက်ပန်းလှန်တမ်း ကစားခဲ့ကြသည်။

ပြေးတမ်းလိုက်တမ်း ကစားလျှင် ထိုအိမ်ခြံဝင်းသည် အ[...] ပြိုင်ကွင်း။ စစ်တိုက်တမ်း ကစားလျှင် ထိုအိမ်ခြံဝင်းသည် စစ်မြေ[...] စစ်တလင်း။ ဝှင်ရာထိုးတမ်း၊ မြောက်ပန်းလှန်တမ်း ကစား[...] ထိုအိမ်ခြံဝင်းသည် အလုံခြုံဆုံးအရပ်။

စမ်းရေပြာ စာပေ



ခြံဝင်း၏ အလယ်တည့်တည့်တွင် တဲအိမ်တစ်အိမ်ရှိသည်။ အိမ်ခြံဝင်းတွင် တံခါးမရှိသည့်ပြင်၊ ထိုတဲအိမ်ငယ်တွင်လည်း တံခါး မရှိ။

ဆော့ကစားရင်း ရေဆာလျှင် ရေဝင်သောက်သည်။ မောပန်း လျှင် တဲအတွင်းရှိ ဝါးကွပ်ပျစ်တွင် အမောဖြေကြစမြဲ။

ထိုတဲရှင် လင်မယားနှစ်ယောက်၏ အမည်နာမကို မသိသော် လည်း၊ ကလေးတိုင်းကို ချိုသာပျူငှာစွာ ပြုံးပြလေ့ရှိသည်။ ကလေး တိုင်းကလည်း ပြုံးပြနှုတ်ဆက်လေ့ရှိသည်။ တဲပိုင်ရှင်လူကြီးက မြေ တူးရင်း၊ အပင်စိုက်ရင်းဖြင့် ကျွန်တော်တို့ ကစားနေရာသို့ ပြုံးကြည့် နေတတ်သည်။

ထို့အတူ သူ့ဇနီးကလည်း၊ အဝတ်ဖွတ်ရင်း၊ ရေချိုးရင်း၊ မြေဆွရင်းက ကျွန်တော်တို့ ကစားနေရာသို့ ငေးကြည့်နေလေ့ရှိ၏။ တစ်ခါတစ်ရံ မုန့်ပဲသွားရည်စာတွေ ဝေပေးသေးသည်။

✿

အမေက…

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လင်မယားမှာ သားသမီးတွေက အသေ[…] ရောက်နေတော့ အရပ်ထဲက ကလေးတွေကိုပဲ ချစ်[…] ရရှာတာ။ ရှိသမျှကလေးတွေ ဝင်ချင်သလိုဝင်၊ ထွက် ချင်သလိုထွက်နေကြတာကြည့်၊ ကလေးချစ်တတ်[…] တယ်ထင်တယ်"

ဟုပြော၏။

ကျွန်တော့်မှာ စာကျက်ပြီးချိန် ထမင်းစားပြီးချိန်တိုင်း အောင်မြင့်စိန်တို့၊ ဖိုးငွေးတို့၊ မြင့်လှိုင်တို့နှင့် ထိုအိမ်ဝင်းထဲသို့ သွားရောက်ကစားလေ့ရှိ၏။

ခြံဝင်းအတွင်း တဲအိမ်၏ နှစ်လံအကွာလောက်တွင် ကုက္ကိုပင်ကြီး၊ ထိုကုက္ကိုပင်ကြီး၏ အရိပ်သည် ခြံဝင်းတစ်ဝက်နီးပါးသို့ ဖုံးလွှမ်းနေ၏။

မိန်းကလေးတွေ ယောက်ျားလေးတွေ အကုန်လုံး ထိုအရိပ်တွင်သာ ကစားကြ၏။ ကုက္ကိုပင်၏ အရိပ်သည် ကျွန်တော် တို့ ကစားသောမြေနေရာ အပိုင်းအခြား။





တဲပိုင်ရှင် လူကြီးက...

"ကလေးတို့ နေပူထဲ မထွက်ကြနဲ့ကွ၊ အရိပ်ထဲမှာပဲ ကစား၊ ရန်မဖြစ်ကြနဲ့နော်"

ဟု ပြောတတ်စမြဲ။

သူ့ဇနီးက...

"သားတို့ သမီးတို့ ကွပ်ပျစ်ပေါ်မှာ တရေးတမောအိပ်ကြပါလား၊ နေသိပ်ပြင်းတယ်"

ဟု ပြောလေ၏။

ကလေးပီပီ ဦးကြီးနာမည်ဘယ်သူလဲ၊ ဒေါ်ကြီးနာမည် ဘယ်သူလဲ မေးချင်သည်။

သို့သော် လွတ်လပ်စွာ ကစားနေရသောကြောင့် မေးဖို့မြန်းဖို့ အလေးတယူ မရှိခဲ့ကြပေ။

တစ်ခြားတစ်ပါးသော နေရာဒေသတွင် သွားရောက်ကစားကြလျှင် ဆူတယ်၊ ညံတယ်၊ လာမဆော့ကြနဲ့ စသည်ဖြင့် ပြောဆိုလွှတ်ကြသေးသည်။ ထိုအပြုအမူ အပြောအဆိုမျိုးကို ဤခြံဝင်းထဲမှာ

www.burmeseclassic.com



မတွေ့ရချေး

လွှတ်လပ်စွာ ဆော့ကစားခွင့်ပေးသောကြောင့် ကလေးအားလုံး၏ ချစ်ကြည်ညိုမှုတွေကို ရနေလေ၏။

✿✿✿



၂။

'တစ်ရပ်ကွက်လုံးမှာ အဲဒီလင်မယား အဆင်းရဲဆုံး။ သားသမီးတွေတောင် တခြားပို့ထားရတယ်' တဲ့။ 'သနားပါတယ်' ဟု အမေပြောဖူးသည်။ စာနာရ၏။ သားသမီးတွေရှိလျက် ဘဝအခြေအနေကြောင့် ကွဲကွာနေကြရကြောင်း သိသဖြင့် သနားမိသည်။

သူငယ်ချင်းတွေကို ပြောပြသောအခါ သူငယ်ချင်းအားလုံးလည်း ကျွန်တော့်ကဲ့သို့ သနားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်စိန်က…

"သူတို့သားသမီးတွေ အနားမှာမရှိလို့ ငါတို့ကို ချစ်တာမဟုတ်ပါဘူး။ သားသမီးတွေရှိလည်း ချစ်ကြမှာပါ"

မိုးဌေးနှင့် မြင့်လှိုင်တို့က 'ဟုတ်တယ်၊ ဟုတ်တယ်' ဟု ပြောကြ၏။ ကျွန်တော် ခေါင်းညိတ်သည်။

✿

ထိုအိမ်ခြံဝင်းထဲတွင် ခရမ်းချဉ်ခင်း၊ ခရမ်းသီးခင်း၊ ဂေါ်ဖီထုပ်ခင်း စသည်ဖြင့်ရှိ၏။ ထို့ပြင် စံပယ်ပန်းရုံ သုံးလေးတန်းနှင့် နှင်းဆီခင်းတစ်ခုကို တွေ့ရ၏။ ထိုမှရသော အကျိုးအမြတ်သည်သာ ခြံပိုင်ရှင်လင်မယား၏ စားဝတ်နေရေးအတွက် ဝင်ငွေ။

သားသမီးများကို တစ်ပါးသူတွေ၏အိမ်တွင် ဝင်ငွေရရှိသည့် အလုပ်တွေ လုပ်ခိုင်းထားကြောင်း။ ထိုအိမ်တွေကပင် ပညာသင်စရိတ်၊ စားစရိတ်၊ တာဝန်ယူကြကြောင်း ခြံပိုင်ရှင်ဦးကြီးက ပြောပြဖူး၏။ သားသမီးတွေက ကျွန်တော်တို့နှင့်ရွယ်တူ။





ထိုစဉ်အခါက ကလေးဘဝမို့ သနားစာနာမိသည်မှအပ ကူညီပေးမနိုင်စွမ်း မရှိခဲ့ချေ။

✿

အဖေနှင့်အမေကိုခွဲပြီး ရန်ကုန်မြို့ရှိ ဦးလေးတော်စပ်သူထံတွင် ကျွန်တော် သွားနေရသည်။ ပညာရေးအတွက်ဖြစ်၍ ဝမ်းနည်းစိတ်အလျဉ်းမရှိ။ ရံခါတွင် မိဘ၊ သူငယ်ချင်းတွေကို သတိရမိသည်။ ဆော့ကစားနေကျ အိမ်ဝင်းကြီးကိုလည်း လွမ်းတမိ၏။

စာသင်နှစ် တစ်နှစ်ကုန်ဆုံးတိုင်း များသောအားဖြင့် အိမ်ကို ပြန်လေ့ရှိသည်။ အလယ်တန်းမှစ၍ အထက်တန်းအောင်မြင်ပြီးသည်အထိ ရန်ကုန်မြို့လယ် စာသင်ကျောင်းတစ်ကျောင်းတည်းတွင်သာ သင်ကြားရသည်။ အိမ်ပြန်ခွင့်ရစဉ် သွားနေကျအိမ်ဝင်းထဲသို့ သွားလေ့ရှိ၏။

အလယ်တန်းကျောင်းသားဘဝရောက်သောအခါ ငယ်စဉ်ကကဲ့သို့ ပြေးလွှား၍ မကစားချင်တော့သဖြင့် ခြံဝင်းထဲရှိ ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် သူငယ်ချင်းတွေနှင့်ထိုင်လျက် စကားတွေပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အခြားသော ကလေးငယ်တွေကလည်း ကျွန်တော်တို့ငယ်စဉ်က ကဲ့သို့ ပြေးလွှားဆော့ကစားနေလေသည်။

✿✿✿



၃။

လွန်ခဲ့သည့်နှစ်နှစ်ခန့်က တစ်ခေါက်ရောက်ခဲ့သည်။ ထိုစဉ်က ယခုနှင့် လွန်စွာကွာခြားသွားပြီဖြစ်ကြောင်း ကျွန်တော်သိလိုက်ရသည်။

အိမ်ဝင်းထဲရှိ ကုက္ကိုပင်ကြီးနှင့်တကွ မြင်တွေ့ခဲ့ဖူးသမျှ အပင်ငယ်တွေကို မိုးစေ့မျှမတွေ့ရတော့ချေ။ အညတရပန်းအလှတွေ ပျက်သုဉ်းသွားပြီမှန်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်ဟူသည်မှာ တစ်ခါကအိမ်မက်။ ကွပ်ပျစ်ငယ်သည်လည်း ဆွေးမြေ့သွားပြီထင်၏။

အရာအားလုံး၏ကိုယ်စား ခန့်ထည်သော နှစ်ထပ်တိုက်ကြီး တစ်လုံးကို ဝင်းခတ်ထားသော သံတိုင်တွေ၊ ပုဏ္ဏရိပ်ပင်တွေကြားမှ တွေ့ရ၏။

"ဟေ့ကောင်"

ပန်းပေါ်လက်တစ်ဖက်ကျနေသည်ကို သိသည်။ လှည့်အကြည့်

"ဟာ အောင်မြင့်စိန်၊ မင်း ဘယ်က ပြန်လာတာလဲ"

"ဘယ်ကပြန်လာရမှာလဲကွ၊ လယ်သမားက လယ်ထဲက ပြန်လာတာပေါ့၊ မင်းကော ကျောင်းပိတ်တာ ကြာပြီ၊ အခုမှ ပြန်လာတာလား"

ကျွန်တော် ခေါင်းညိတ်သည်။

ကုံကော်ရန့်ကို လွမ်းတမိ၏။

"ငါ အိမ်ကိုမရောက်သေးဘူး၊ ရွာထိပ်ကို





ရောက်ရောက်ချင်း ဒီအိမ်ဝင်းကြီးကို လာကြည့်တာ၊ လုံးဝပြောင်းလဲသွားပြီ၊ လူသစ်တွေ ဝယ်လိုက်တာနဲ့တူတယ်"

ဟု ကျွန်တော်ပြောသည်။

အောင်မြင့်စိန် ခေါင်းယမ်းသည်။

"လူသစ်တွေမဟုတ်ဘူး၊ နဂိုလူတွေ"

"ဟုတ်ရဲ့လားကွာ၊ အံ့ဩစရာပဲ၊ စီးပွားတက်တာ မြန်လိုက်တာ၊ ဝမ်းလည်းသာမိတယ်၊ ဆင်းရဲတဲ့ ဘဝကနေ ချလိုဘဝမျိုးရောက်သွားလို့"

ဟု ကျွန်တော်ပြောသည်။

အဝတ်အစားအိတ်ကို ပခုံးပြောင်းလွယ်လျက်

"တစ်ခုတော့ရှိတယ်၊ ဟိုတုန်းကလို ကလေးတွေ ဝင်မဆော့ကြတော့ဘူးနော်၊ ခြံတံခါးကြီးက ပိတ်ထားလိုက်တာ၊ ရောမသံတံခါးကြီး"

ကျွန်တော့်စကားကြောင့် အောင်မြင့်စိန်ပြုံး၏။ ပြင်းသောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော် မျက်မှောင်ကျုံ့ထားရသည်။

"အင်းပေါ့၊ နဂိုက ပျောက်စရာရှိစရာ ဘာမှ

မရှိတဲ့ တဲအိမ်၊ အခုတော့ မက်မောစရာ ဥစ္စာနေတွေ

နဲ့ ပြည့်စုံနေတဲ့တိုက်အိမ်၊ ပြီးတော့ သားသမီးတွေ

လည်း ပြန်ရောက်နေကြပြီ၊ ပညာတတ်တွေ၊ စီးပွားရေ

သမားတွေ ဖြစ်ကုန်ကြပြီ၊ ဦးလေးကြီးနဲ့ အဒေါ်ကြီး

ကတော့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီး ဖြစ်သွားပြီ

လေ"

"ဩော်"

ရင်တွင်းလှိုက်လှိုက်တစ်ခုကို ခံစားလိုက်ရ၏။ အမည်မဖော် တတ်

"သူတို့သားသမီးတွေပြန်ရောက်လာလို့ ကလေး

တွေကို ဝင်မဆော့နိုင်းတော့များလား၊ ဒါမှမဟုတ် သူဌေး

ဖြစ်သွားလို့လား"

"ဒါတော့ ငါမပြောတတ်ဘူးကွ၊ တခြားသူတွေ

လည်း တိတိကျကျ ပြောတတ်မှာမဟုတ်ဘူး၊ ကလေး





တွေ ဒီနားမှာ တစ်စုတဝေးဆော့နေကြရင်တောင်

မောင်းထုတ်တာယ်၊ ခြံထဲဝင်ဆော့ဖို့ဆိုတာ ဝေးရော"

အောင်မြင့်စိန်စကားကြောင့် အံ့သြရလေ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

၄။

ထိုအိမ်ဝင်း၏ မူလဇစ်မြစ်ကို ကျွန်တော် ကောင်းစွာမှတ်မိနေလေသည်။ အိမ်ဝင်းကြီး၏ ဝင်းနံရံ စိုက်ပျိုးပင်တွေ၊ အိမ်ခြံတံခါးနှင့် အိမ်ပုံစံတွေသာ ပြောင်းလဲသွားသည်။ထိုအိမ်ဝင်း၏အိမ်ပိုင်ရှင်တွေမှာ ယခင်က ပိုင်ရှင်တွေသာဖြစ်လေသည်။ ပိုင်ဆိုင်သူမပြောင်းလဲသော အိမ်ခြံဝင်း။





သို့သော်...

အခြေအနေတွေက လွန်စွာပြောင်းလဲသွားသည်ကား... ဧကန်။

✿

တွေးမိနေစဉ် ခြံဝင်းတံခါးဖွင့်လာသည်။ တံခါးဖွင့်သော အလုပ်သမားကို ငေးကြည့်နေမိ၏။ ထိုစဉ် ဇိမ်ခံကားတစ်စီး ညင်သာနှေးကွေးစွာ မောင်းထွက်လာ၏။ ကားက ကျွန်တော်တို့ရှေ့မှ ဖြတ်မောင်းသွားသည်။

ကားနောက်ခန်းမှ မျက်လုံးနှစ်စုံနှင့်ဆုံ၏။ မြေကြီးတွေ တူးဆွနေလေ့ရှိသည့် ဦးကြီး၏မျက်ဝန်း။ ပြီးနောက် သူ့ဇနီး၏မျက်ဝန်း။

ကျွန်တော့်ကို မမှတ်မိကြတော့သော်လည်း ကျွန်တော်က မှတ်မိနေလေသည်။ ပြုံးပြနှုတ်ဆက်မည်ပြုသော ကိုယ့်ကိုယ်ကို ရှက်မိ၏။ ကားက တဖြည်းဖြည်း ဝေးသွားလေသည်။

နေပူကြဲကြဲတွင် ပြေးလွှားဆော့ကစားနေကြသော ကလေးငယ်တွေကို လှမ်းမြင်လိုက်၏။ ရင်တွင် နင့်ခနဲ ခံစားရသည်။

"ဒါ... နိယာမပေါ့ကွာ" ဟု မျက်နှာပေါ်မှ ချွေးစက်များကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်သုတ်လျက် အောင်မြင့်စိန်ပြောသည်။ ကျွန်တော်... ဘာမှ ထင်မြင်ချက်မပေးဖြစ်။ သက်ပြင်းချလိုက်မိသည်ကိုတော့... ကိုယ့်ကိုယ်ကို သိလိုက်လေသည်။ ။

✿✿✿✿✿

# ကောင်းကင်ကောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

နေ့များစွာ ကုန်ဆုံးတဲ့အထိ ငေး မော... မော့ကြည့်ခွင့်ပေးပါ ကောင်းကင်ငယ်... ။

www.burmeseclassic.com

www.burmeseclassic.com

၁။

သူတို့နေထိုင်ရာ တိုက်ခန်းများ၏ တိုက်အမြင့်သည် ရှစ်လွှာခန့်အထိမြင့်သော အိမ်ရာတိုက်ခန်းများဖြစ်၏။ ထိုတိုက်ခန်းများအနက် ခြောက်လွှာခန့်မြင့်သော အထပ်တွင် သူတို့နေထိုင်ကြသည်။ သူတို့နေထိုင်ရာ တိုက်ဝရံတာ၏မျက်နှာစာသည် အနောက်ဘက်သို့ မျက်နှာမူထား၏။

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအနောက်ဘက်တွင် ကမ်းနားလမ်း၊ ကမ်းနားလမ်း၏ ဟိုဘက်တွင် လှိုင်မြစ်ကမ်း၊ လှိုင်မြစ်၏ စီးဆင်းနေသည့်ရေအလျဉ်ကို ပင် ကြည်လင်စွာမြင်တွေ့နေရ၏။

လှိုင်မြစ်၏ အခြားဘက်ကမ်းတွင် တဲအိမ်စုလေးတွေ၊ လယ်ကွင်း၊ လယ်ကွက်တွေ၊ စေတီဖြူဖြူလေးတွေ တောအုပ် တောတန်းလေးတွေကို မှုန်ပျပျ မြင်နေရ၏။

လှိုင်မြစ်ကမ်းသည် တိုက်ဝရံတာ၏ အနောက်ဘက်တွင်ရှိသဖြင့် ညနေ နေဝင်ခါစအချိန်သည် နေစဉ်နှင့်အမျှ ပန်းချီကားလှလှလေးကို မျက်စေ့တစ်ဆုံး ဖန်တီးပေးနေ၏။

လှိုင်မြစ်ကမ်း၏ အန်းအပါးရှိ ခင်တန်းတောအုပ်တို့သည် ခေတ်ပုံဆရာကို ခေတ်ပုံရိုက်ချင်စိတ်ဖြစ်သွားစေလိမ့်မည်။ ပန်းချီဆရာကို ပန်းချီရေးချင်စိတ် ဖြစ်ပွားစေလိမ့်မည်။

ထိုနေ့က...

လှိုင်မြစ်ကမ်း၏ ဆည်းဆာကောင်းကင်ကို ငေးကြည့်ရင်း သူ ကောက်ကြောင်းတစ်ခု ရေးခြစ်ဖြစ်သည်။ သို့သော် ထိုပန်းချီကားကို





ပြီးဆုံးအောင် ရေးဆွဲခဲ့ခြင်းမရှိခဲ့။

✿

ပထမတော့ အနောက်အက်ကောင်းကင်၏ လှပသော တိမ်ရောင်စုံ အစအနများကို ရေးခြစ်ဖို့ ပိတ်သားပေါ်တွင် ခဲဖြင့် ကောက်ကြောင်းတင်လိုက်၏။ သို့သော် နေ့စဉ်မြင်တွေ့နေကျ မြင်ကွင်း မျိုးပါလားဟု တွေးသိခံစားမိချိန်မှာတော့ ခဲခြစ်လက်ချောင်းတွေ တွန့် ဆုတ်သွားလေ၏။

ထိုင်နေရာ ကုလားထိုင်ပေါ်မှ ခါးကို အနည်းငယ်ညွှတ်ပြီး လက်ထဲရှိ ခဲတံကို ဝရံတာအုတ်တန်းပေါ်မှာ တင်ထားလိုက်သည်။

မျက်နှာမူထားရာ အနောက်ဘက်တည့်တည့်တွင် ကမ်းနားလမ်း၊ ထိုလမ်းပေါ်တွင် ပြေးလွှားနေကြသည့် ကားများ၊ ယာဉ်များ၊ ထိုလှုပ်ရှားမှုများ၏ မျက်စေ့တစ်ရွှေ့အကွာလောက်တွင် ဆန်ကိုဒေါင် ကြီးတစ်ခု၏ သွပ်မိုးနီနီ။ ထိုသွပ်မိုးကြီး၏နံဘေးတွင် အုံ့ဆိုင်းလွှမ်းသော သစ်ပင်ကြီးတစ်ပင်။ ထိုသစ်ပင်ကြီး၏ အနီးအပါးတွင် ကန့်လန့် ဖြတ် စီးမျောနေသည့် လှိုင်မြစ်။ ထိုနောက် မြစ်၏ ဟိုဘက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



တဲစုများ၊ ရွှင်းများ၊ အရာရာသည် ဟောင်းနွမ်းစွာ လှုပနေပါသေး၏။ သို့သော် သူ့ရင်ထဲတွင် မငြိမ်းချမ်း၊ မစွဲမက်။

ထို့ကြောင့် လှိုင်မြစ်ကမ်း၏ အနောက်ဘက်ဆည်းဆာ ကောက်ကြောင်းကို တစ်ဝက်တပျက်ဖြင့် သူ ရပ်တန့်ပစ်လိုက်ခြင်းဖြစ်သည်။ ထိုနောက် ပြန့်ပြူးသောလေပြေကို ရှူရှိုက်ရင်း ဝန်းကျင်တစ်ခုလုံးကို လွတ်လပ်စွာ ငေးမောနေလေ၏။

✿

လက်ျာဘက်တွင် အခြားတိုက်တစ်တိုက်ရှိသည်။ ထိုတိုက်၏ ရှေ့တည့်တည့်တွင် ရွှေစေတီလေးတစ်ဆူ တည်ရှိ၏။ ထိုစေတီလေးပေါ်သို့ အပေါ်စီးမှနေ၍ ငေးမောဖူးမြော်နေမိပြန်သည်။

သူတို့နေထိုင်ရာအိမ်ရာသည် တိုက်ပေါင်းများစွာ အခန်းပေါင်းများစွာဖြင့် ဖွဲ့တည်ထားကြောင်း သူငယ်ချင်းများပြောသဖြင့် သူ သိထားသည်။ သို့သော် အခြားသောတိုက်များရှိရာသို့ သူ မရောက်ဘူးသေး။ လက်ျာဘက်ရှိ တိုက်တန်းကိုသာ ဤဝရံတာမှ ငေးကြည့်ဖူးသေးသည်။





လက်ဝဲဘက်တွင် အခြားသောတိုက်များမရှိသော်လည်း အခြားသောအခန်းတို့၏ ဝရံတာများကို မျက်စေ့တဆုံး စီရီစွာ တွေ့မြင်ရစမြဲ ဖြစ်၏။

လှိုင်မြစ်ကို ဖြတ်သန်းလာသော လေပြည်၏အဝေ့ကြောင့် စိတ်အာရုံသည် လေညှန်ရာသို့ ရွေ့လျားမိသွား၏။

သူရပ်နေရာ ဝရံတာ၏နံဘေးတွင် အခြားဝရံတာတစ်ခု။ ထိုဝရံတာ၏နံဘေးဝရံတာကို ဘယ်တုန်းကမှ သတိမူ၍မကြည့်ဖြစ်ခဲ့ပါဘဲ လျက် ယခုမှ သတိမူ၍ ကြည့်မိလိုက်သည်။

ထိုသို့ ကြည့်ငေးမိလိုက်ခြင်းသည်ပင်လျှင် သူ့ဝိညာဉ်တစ်ခုလုံး အခြားသောကမ္ဘာတစ်ခုသို့ လွင့်မျောစေသည့်ပမာ ခံစားလိုက်မောသွားစေပြီ။

✿

"ကြည့်စမ်းပါဦးကွာ" ဟု အနီးအပါးမှာ သူငယ်ချင်းတွေရှိပါက သူ ငေးမောမိရာ ဝရံတာသို့ လက်ညှိုးညွှန်ပြမိပေမည်။

ထိုဝရံတာတွင် သူ့ရင်ကို စွဲငြိသွားစေသည့် သတ္တပင်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းတစ်ခု နှမျောစ်ပျို့ရွယ်စွာ ရပ်တန့်နေလေသည်။ စိတ်ဓိညာဉ်သည် ထိုဝရံတာသို့ ရောက်ရှိသွားပြီဖြစ်၏။ လက်ချောင်းများသည် အနီးရှိ ခဲတံပေါ်သို့ အလိုအလျောက်ရောက်သွားပြီး ထိုခဲတံငယ်သည် သူရေးတည့်တည့်ရှိ ပန်းချီဆွဲရာ ပိတ်သားပေါ်သို့ လျှင်မြန်သော ကကွက်ဖြင့် လှပသော ကောက်ကြောင်းတစ်ခုကို ဖန်တီးကပြလေတော့သည်။ မိနစ်ပိုင်းအတွင်း ပိတ္တသားပေါ်၌ ဆည်းဆာကို ရှုံးနိမ့်သိမ်ငယ်သွားစေသော ပန်းချီကောက်ကြောင်းတစ်ခု ဖြစ်တည်သွားလေသည်။

ကြည့်စမ်းပါဦး... သူ့ပန်းချီကားပေါ်မှာ ဝရံတာတွင်ရပ်နေသည့် မိန်းမလှလေးတစ်ယောက် ကောက်ကာငင်ကာ ရောက်ရှိလာလေ၏။ အာရုံတို့ သစ်လွင်သွားစေသည်။ နေ့ရှိသမျှ မြင်တွေ့နေခဲ့ရသော ဆည်းဆာအိုသည် အရောင်မှိန်ဖျော့လျက် သူ့ပန်းချီကားပေါ်ရှိ မှုန်ပျပျ ကောက်ကြောင်းများကို ဦးညွှတ်နေတော့၏။

✿

"ဟဲ့... မြနှင်းဆီ"

စမ်းရေပြာ စာပေ



ခေါ်သံလာရာဘက်သို့ မြနှင်းဆီ ခေါင်းငဲ့၏။ ယဉ်ယဉ်နု၏ အသံဟု သိလိုက်သည်။ ယဉ်ယဉ်နုက...

"မြနှင်းဆီ၊ နင့်ကို ဟိုဝရံတာက ကောင်လေး တစ်ယောက် လှမ်းကြည့်နေတယ်"

မြနှင်းဆီ ပြုံးလျက် ခေါင်းငုံ့သွားသည်။ ဆံပင်ရှည်ရှည်တို့သည် သခင်၏ အလှုပ်အယှီမ်းကြောင့် ပခုံးထက်သို့ ညီညာစွာနွဲ့စွာ ပြိုကျသွားကြ၏။

"ဘယ်ဝရံတာကလဲ"

"ညာဘက်ဝရံတာတစ်ခုအကျော်က"

ဟု ယဉ်ယဉ်နု ပြောသည်။ မြနှင်းဆီက ငဲ့မကြည့်ဘဲ...

"ငါ့ကို တကယ်လှတယ်ထင်လို့ ကြည့်တာနေမှာပေါ့"

"ကြည့်ရုံတင်မဟုတ်ဘူးဟ၊ နင့်ကိုကြည့်ပြီး ပန်းချီဆွဲနေတာ"

"ဟုတ်လား"

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု မြနှင်းဆီ မျက်လုံးလေးဝိုင်းကာမေးသည်။

"ဟုတ်တယ်...၊ နင် ဘယ်လိုလုပ်မလဲ ဒီအတိုင်းပဲ ဆက်ရပ်နေမလား၊ အခန်းထဲကို ပြန်ဝင်မလား"

"ငါ ညနေစောင်းတိုင်း ဒီဝရံတာမှာထွက်ပြီး လေညင်းခံနေကျပဲ၊ ငါ အိမ်ထဲကို မဝင်ချင်သေးဘူး ငါ့ကို ကုလားထိုင်တစ်လုံးလောက် ယူပေးပါလား"

"ဘာလုပ်မလို့လဲ"

"ပန်းချီဆရာလေး စိတ်ညစ်သွားအောင် လုပ်မလို့၊ အင်း... နေပါစေတော့ဟာ ငါ ဒီအတိုင်းပဲ ရပ်နေပါတော့မယ်"

"အမျိုးမျိုးပဲ"

ဟု ယဉ်ယဉ်နု ပြုံးလျက်ပြောသည်။

မြနှင်းဆီက...

"ငါ့ကိုကြည့်ပြီး ပန်းချီဆွဲနေတာ သေချာ





လို့လား"

"သေချာတယ်...၊ ခုနက ခဲတံနဲ့ဆွဲနေတာ၊ အခု စုတ်တံနဲ့ ဆွဲနေပုံရတယ်"

"ဒါဆိုလည်း ငါ သူ့ကို ကူညီလိုက်ပါတော့မယ်၊ ပန်းချီအနုပညာတစ်ခု ပြီးမြောက်သွားအောင် အကူအညီပေးတဲ့ သဘောပေါ့"

ပြောပြီး ဦးခေါင်းကို မူလအနေအထားအတိုင်း ပြန်မတ်လိုက်သည်။ ပြီးမှ...

"ငါလည်း ပန်းချီတွေဆွဲနိုင်တဲ့သူတစ်ယောက် ဖြစ်ရင် သိပ်ကောင်းမှာပဲနော်"

ယဉ်ယဉ်နုထံမှ တုံ့ပြန်စကား မကြားရ။

ယဉ်ယဉ်နုက မြနှင်းဆီကို တစ်လှည့်၊ ဟိုး ဝရံတာက ပန်းချီဆွဲနေသော ပန်းချီဆရာလေးထံကိုတစ်လှည့်၊ ငေးကြည့်မိလေသည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထမင်းအိုး သွားကြည့်လိုက်ဦးမယ်"

ဟု မြနှင်းဆီကို ပြောလိုက်သည်။ မြနှင်းဆီ ခေါင်းညိတ်သည်။ လေပြေကြောင့် ဆံနွယ်စတွေ လှုပ်ယိမ်းသွားပြန်၏။

✿ ✿ ✿



၂။

"ဟာ မြတ်ခက်၊ ငြိမ်ချက်သားကောင်းလှချည်လား မှတ်တယ်..."

ကျော်ကောင်း၏ စကားသံမှန်းသိသည်။ သူ လှည့်မကြည့်။ ...န်းချိုကားအတွင်းရှိ လှသောရုပ်ဝတ္ထုတစ်ခု၏ ဆံနွယ်များပေါ်တွင်သာ ...တ်ဝိညာဉ်နှင့်အတူ စုပ်တံလေးတစ်ချောင်း ပြေးလွှားခယနေလေသည်။

"ဟိုဝရံတာက ကောင်မလေးကို ဒီကောင်ကြည့်ဆွဲနေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းကို ပြောပြနေသော ဘုန်းမြင့်၏အသံ။

"ဘေးနားက ကောင်မလေးကပါ ဒီဘက်ကို ကြည့်နေတယ်"

ဟု ကျော်ကောင်းပြောသည်။ ဘုန်းမြင့်က...

"ပန်းချီအဆွဲခံနေရတဲ့ကောင်မလေးကတော့ ဒီဘက်ကို ငဲ့တောင်မငဲ့ဘူး။ သူ့ပုံတူဆွဲနေမှန်းသိလို့ မသိချင်ယောင်ဆောင်ပြီး တမင်ငြိမ်ပေးနေတဲ့အတိုင်းပဲ"

ကျော်ကောင်းက...

"အဲဒီလိုငြိမ်နေတာကိုက လှတာကွ၊ တွေ့လား သူ့ တစ်ကိုယ်လုံး ငြိမ်သက်နေတယ်၊ ဒါပေမဲ့ ဆံပင်တွေက ကနေတယ်"

ဘုန်းမြင့်က...

"မျက်နှာက ဘိုဆန်တယ်နော်...၊ မြင်တတ်တယ်ကွာ... မြတ်ခက်"

သူ စုတ်တံကို ဆီတို့လိုက်သည်။ ပြီးနောက် ဆေးတောင့်ကို





ကိုင်သည်။ အတန်ကြာစဉ်းစားပြီးမှ စုတ်တံကို အဝတ်စုတ်ဖြင့် သန့်စင်ပစ်လိုက်သည်။ ကျန်သော စုတ်တံတို့၏ အမွှေးအမျှင်တို့ကို လည်း သန့်စင်နေတော့သည်။ ကျော်ကောင်းက...

"ဟေ့ကောင်... ဆက်မဆွဲတော့ဘူးလား"

သူ ခေါင်းခါ၏။ ဘုန်းမြင့်က...

"ဘာဖြစ်လို့လဲ"

"အနှောင့်အယှက်များလို့..."

ဟု သူပြောလိုက်သည်။

"ဘယ်သူနှောင့်ယှက်လို့လဲ"

"မင်းတို့နှစ်ယောက်"

"ဟာ... ဘယ်လို"

"မင်းတို့ ငါ့အနားမှာ စကားတွေ လာပြောနေကြတယ်"

ဟု သူပြောပြ၏။

"Sorry ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဘုန်းမြင့်ပြောသည်။

ကျော်ကောင်းက...

"ဆက်ဆွဲပါ...၊ ငါတို့ အထဲပြန်ဝင်ပေးပါ့မယ်"

"မရတော့ဘူး။ ငါ့စိတ်တွေ ငါ့ဆီကို ပြန်ရောက်နေပြီ၊ ဟိုးမှာမရှိတော့ဘူး"

ကောင်မလေးနှစ်ယောက် ရယ်နေရာသို့ညွှန်လျက် ပြောသည်။ ထိုအချိန်အထိ တစ်ဘက်ဝရံတာတွင် မြနှင်းဆီနှင့် ယဉ်ယဉ်နုတို့ ရယ်နေကြဆဲဖြစ်၏။

✿

"ပန်းချီဆွဲတာတော့ ရပ်လိုက်ပြီ၊ ဒါပေမဲ့ နှင့်ကို သုံးယောက်စလုံး လှမ်းကြည့်နေကြတယ်"

ယဉ်ယဉ်နုစကားကြောင့် "ဒုက္ခပဲ" ဟု မြနှင်းဆီ ညည်းသံပြုသည်။

"ဘာဖြစ်လို့ ဒုက္ခပဲလို့ ညည်းရတာလဲ မြနှင်းဆီ"

"ငါက ပန်းချီဆွဲတဲ့ပန်းချီဆရာ ကြည့်ဖို့အတွက်





ပဲ မတ်တပ်ရပ်ပေးထားတာ၊ ပန်းချီကားတစ်ကား ဖြစ်မြောက်ဖို့ပဲ ငါကူညီတာလေ...။

အခု သုံးယောက်စလုံး လှမ်းကြည့်နေတယ်ဆိုတော့ သေချာပါတယ်၊ ပန်းချီဆွဲတဲ့အလုပ် ရပ်လိုက်ရပြီ ထင်တယ်"

"နင်ပြောတာ အဟုတ်ပဲ"

ဟု ယဉ်ယဉ်နု ပြော၏။

"ဒါဆို ငါ အထဲဝင်တော့မယ်"

မြနှင်းဆီ ဝရံတာကို ကျောခိုင်းလိုက်၏။ ယခုမှ အမှန်တကယ် နေဝင်သွားခြင်းဖြစ်ပေမည်။

✿

"နေဝင်သွားပြီ သူငယ်ချင်း"

"မဝင်သေးပါဘူး၊ အခုမှ ဆည်းဆာက လှတုန်းပဲရှိသေးတယ်"

ဟု ကျော်ကောင်းက သူ့ကိုပြောသည်။ သူက...



www.burmeseclassic.com

www.burmeseclassic.com



"ဆည်းဆာ မလှတော့ဘူး။ ဆည်းဆာဆိုတာ နေရောင်ခြည် လက်ကျန်လေးရှိမှ ပိုလှတာ၊ အခု နေရောင်ခြည်မရှိတော့ဘူး"

ဘုန်းမြင့်က...

"မြတ်ခက်၊ ဟိုမှာလေကွာ နေရောင်ခြည်၊ မြစ်ရေပေါ်က အရောင်က တိမ်ကိုတောင်ဟပ်နေသေး တယ်၊ ဆည်းဆာက လှနေတုန်းပဲ၊ ဘယ်နှယ့် နေဝင်သွားရမှာလဲ"

ဘုန်းမြင့်ညွှန်ရာသို့ သူ မကြည့်။

"မင်းတို့ပြောတဲ့ဆည်းဆာက အနောက်ဘက်ကို ငုပ်လျှိုးတော့မယ့်ဆည်းဆာ။

ငါပြောတဲ့ဆည်းဆာက ငါ့ရင်ထဲမှာ အခုမှ ရောင်ခြည်သစ်နဲ့လှပမယ့် ဆည်းဆာ"

ဘုန်းမြင့်က နားမရှင်းဟန်ဖြင့်...

"မင်းရင်ထဲမှာ ဆည်းဆာရှိတယ်၊ ဟုတ်လား..."





"ဟုတ်တယ်...၊ ငါ့ဆည်းဆာက ဒီနေ့မှ ထွန်းလင်းတာ၊ ဒီပန်းချီကားဟာ ငါ့ရင်ထဲကဆည်းဆာပဲ။ ဒါပေမဲ့ တစ်ဝက်တပျက်။ ငါ ဘယ်လိုလုပ် ဆက်ဆွဲ ရတော့မလဲ၊ ဟိုဝရံတာမှာ သူမရှိတော့ဘူးကွ၊ သူ အိမ်ထဲကို ဝင်သွားတာ... ငါ့ရင်ထဲကဆည်းဆာအတွက် နေဝင်သွားတာနဲ့ အတူတူပဲ"

ထိုသို့ ပြောလိုက်သောအခါကျမှ ကျော်ကောင်းရယ်လေသည်။

"မြတ်ခက်"

"ဘာလဲ"

"ငါက မင်းကို ပန်းချီဆရာလို့ပဲ ထင်ထားတာ၊ လက်စသပ်တော့ မင်းက ကဗျာဆရာကိုး"

"ဘာဖြစ်လို့လဲ"

ဟု သူ မေး၏။

"ဘာဖြစ်ရမှာလဲ၊ မင်းရဲ့စကားလုံးတွေက ဒီညနေ ပြောင်မြောက်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ မှဲ့ပြုံးပြုံးလျက်...

"အဲဒါ ရင်ထဲကဆည်းဆာအတွက် ရင်ထဲက လာတဲ့ ရှုထဲက စကားတွေကွ။

မင်းပဲပြောဖူးတယ်လေ...။ ရင်ထဲကလာတာ ကဗျာတဲ့၊ အခု ငါ့ပန်းချီကားကလည်း ကဗျာကိုရေးဆွဲတဲ့ ပန်းချီကား တစ်ချပ်ပဲ"

"ညွှန်းလှချည်လား...၊ ညွှန်းလှချည်လား"

သူ့ပခုံးကိုပုတ်လျက် ဘုန်းမြင့်ပြော၏။

"ငါ မညွှန်းဘူး။ ငါ့ရင်ထဲက အတိုင်းအဆကို ငါပဲသိတယ်၊ ဒီပန်းချီကားကို ရေးနေမိတဲ့တစ်ချိန်လုံး မှာ ငါဟာ သမထကျင့်စဉ်တစ်ခုကို ကျင့်နေရတဲ့ လူတစ်ယောက်လိုပဲ။ ကမ္ဘာသစ်တစ်ခုကို ရောက်နေ တယ်။

အဲဒီ အသစ်...၊ အဲဒီကမ္ဘာအသစ်လေးက မင်းတို့ အသံကြားမှ ပျက်သွားတာကွ"

စမ်းရေပြာ စာပေ



ဘုန်းမြင့်က...

"မြတ်ခက်၊ မင်း အခုလိုပြောနေရတာ စိတ် ချမ်းသာတယ်မို့လား။ စိတ်ချမ်းသာတယ်ဆိုရင် ဆက် ပြော၊ ငါတို့ သည်းခံပြီး နားထောင်ပေးပါ့မယ်"

ကျော်ကောင်းရယ်လေ၏။ အဝတ်စုတ်တစ်ခုဖြင့် ဘုန်းမြင့်ကို သူ လှမ်းပစ်လိုက်သည်။ ဘုန်းမြင့်က ကိုယ်ကိုယိမ်းလျက် ရှောင်၏။ ကျော်ကောင်းသည် ကဗျာဆရာတစ်ယောက်ဖြစ်ပြီး ဘုန်းမြင့်က ဝတ္ထု ရေးသူတစ်ယောက်ဖြစ်သည်။ သူကတော့ ပန်းချီဆွဲသူဖြစ်၏။ ဤ အခန်းသည် အနုရက်ဗိတ တရားအောက်၌ တည်ရှိဖွဲ့စည်းထားသော အခန်းဖြစ်သဖြင့် အစဉ်အမြဲ ငြိမ်းချမ်းနေဆဲဖြစ်၏။

"တချို့လူတွေက ပြောချင်တာတွေ ရင်ထဲမှာရှိ ပေမယ့် ပြောခွင့်မရဘူး။

နားထောင်မယ့်သူမရှိလို့ ရင်ဖွင့်ခွင့်မရဘူး။ အခု မင်းမှာ ပြောခွင့်ရှိတယ်၊ နားထောင်ပေးမယ့်သူလည်း ရှိတယ်၊ ဘယ်လောက်စိတ်ချမ်းသာဖို့ကောင်းသလဲ...၊

စမ်းရေပြာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြော... ဆက်ပြော၊ မင်းရဲ့ပန်းချီကားအကြောင်း''

ဘုန်းမြင့်ကိုကြည့်လျက် သူပြုံး၏။ ပြုံးလျက်...

''တော်ပြီ... ဘာမှမပြောတော့ဘူး''

ပြီးမှ မြနှင်းဆီတို့ရှိရာ ဝရံတာဘက်သို့ လှမ်းကြည့်လိုက်သည်။ မြနှင်းဆီကို မတွေ့မြင်ရတော့သဖြင့် နေဝင်သွားပြီဟု အမှန်တကယ်ပင် ခံစားလွမ်းနာရလေ၏။

✿ ✿ ✿



၃။

ထိုညက သူ အိပ်မပျော်ပါ။ ဝရံတာမှတစ်ဆင့် အမှောင်ကို ငေးမောနေသော သူ့ကို ဝတ္ထုရေးနေသော ဘုန်းမြင့်ကပါ သတိပြုမိပါ၏။ ကောင်းကင်၏ ကြယ်ပျောက်များအောက်တွင် လှိုင်မြစ်ကမ်း၏ အလင်းစတချို့ကို မှုန်ပျပျ မြင်နေရ၏။ မော်တော်ဘုတ်မောင်းသံ တချို့ကို မကြာမကြာ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း မြနှင်းဆီ ရပ်နေခဲ့ရာ ဝရံတာဘက်သို့ တွေ့လိုတွေ့ငြား၊ မြင်လိုမြင်ငြား စိုက်ကြည့်ဖြစ်၏။ သို့သော် အမှောင်သည် မည်သည့်လှုပ်ရှားမှုကိုမျှ ခွင့်မပြုလေသလား မသိ။ ခန်းဆီးဇာပဝါ၊ ပြတင်းပေါက်ဇာပဝါနှင့် သစ်ကိုင်းသစ်ခက် အဖျားအနားတို့၏ အလှုပ်အခတ်ကို စဉ်းငယ်မျှပင် မတွေ့မြင်ရ။

အမှောင်ကဲလွှမ်းသည့်အထဲ ငြိမ်သက်တိတ်ဆိတ်နိုင်လှသဖြင့် ည၏ချုပ်ကိုင်နိုင်စွမ်းကို အဘိဖွာပွားမိသည်။ ထိုညကြောင့် နေရောင်ခြည်ကို မမြင်ရ၊ အာရုံဦးကိုမမြင်ရ၊ ဆည်းဆာကို မမြင်ရ။

ထိုညကြောင့်...

မြနှင်းဆီကို မြင်ခွင့်မရ။

✿

"အိပ်ပါတော့လား မြတ်ခက်"

သူထိုင်နေရာအနီးသို့ ဘုန်းမြင့် လာရပ်သည်။

"ငါ အိပ်လို့ပျော်မှာမဟုတ်ဘူး ဘုန်းမြင့်၊





ဟိုဘက်ဝရံတာကိုပဲ ငါ ငေးကြည့်နေချင်တယ်"

"မှောင်နေပြီလေကွာ...၊ ဘာကိုမြင်ရတော့မှာလဲ"

"အဲဒီအမှောင်ထဲကိုကြည့်ပြီး မမှောင်ခင်က မြင်ခဲ့ရတဲ့ မြင်ကွင်းလေးကို ပြန်တွေးကြည့်နေချင်လို့ပါ"

"အိပ်ရာထဲမှာတွေးလည်း ရရဲ့သားနဲ့ သူငယ်ချင်းရယ်"

"ကျော်ကောင်းရော အိပ်ပြီလား"

ဟု သူမေးသည်။

"ခုနကတော့ စာဖတ်နေတယ်၊ အခု အိပ်ပြီထင်တယ်"

ဟု ဘုန်းမြင့်ပြော၏။

"ညနေက ဟိုဘက်ဝရံတာမှာရပ်နေတဲ့ ကောင်မလေးကို ငါ နေ့တိုင်းတွေ့ချင်တယ်ကွာ၊ မင်း မကြည့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ ပန်းချီဆရာ

မော်ဒယ်ထိုင်ခိုင်းမလို့လား''

''ငါ ဆွဲလက်စ သူ့ပုံတူလေးက သူရုပ်မပေ

လည်း ငါ ဆွဲလို့ရသွားမှာပါ...၊ သူ့ခန္ဓာအချိုးအဆစ်

အနွဲ့အနှောင်း မျက်နှာအနေအထား၊ အားလုံးကို ငါ

အလွတ်ရသွားပြီလေ''

''ဒါဆို တွေ့ချင်မြင်ချင်ရုံသက်သက်ပေါ့၊ ဟုတ်

လား''

''ဟုတ်တယ်'

ဟု သူဖြေ၏။

''ငါကတော့ ကူညီနိုင်မှာမဟုတ်ဘူး၊ ကော်

ကောင်း ကူညီနိုင်မယ်ထင်တယ်၊ သူက နှုတ်သွ

တယ်၊ မနက်ကျရင် သူ့ကို မင်း အကူအညီ

တောင်းလိုက်ပေါ့''





သူ ခေါင်းညိတ်၏။ ဘုန်းမြင့်က...

''ညနေက မင်း ရင်ခုန်သွားတာလား မြတ်ခက်''

''ရင်ခုန်တာမဟုတ်ဘူး၊ ရင်အေးသွားတာ၊ အဲဒီ

အေးမြမှုက ဘာနဲ့မှ အစားထိုးလို့ရမှာမဟုတ်ဘူး။

အဲဒီကောင်မလေးနေရာမှာ အဲဒီကောင်မလေးဖြစ်နေ

တာကိုက ငါ့ရဲ့အေးမြမှုပဲ''

''မင်းသာ ငါတို့လို အပြင်လောကကို ခဏခဏ

ထွက်ရင် အခု မင်းပြောတဲ့အေးမြမှုမျိုးတွေ အပြင်

လောကမှာ အများကြီးပဲ''

ဟု ဘုန်းမြင့်ပြော၏။

သူက...

''အဲဒါ အေးမြမှုတွေ မဖြစ်နိုင်ဘူး၊ သာယာမှု

တွေပဲ ဖြစ်လိမ့်မယ် ဘုန်းမြင့်။

အနုပညာသမားဆိုတာ သာယာမှုကို မှန်းမင်

ဘူး၊ အေးမြမှုကိုပဲ လိုလားတယ်။ မင်း မေ့နေပြီလား

www.burmeseclassic.com



ဘုန်းမြင့်။ ငါတို့က အနုပညာသမားလေ။ သာယာမှုကို ထက် အေးမြခြင်းကိုပဲ လိုလားသင့်တယ်''

ဘုန်းမြင့်ပြုံးသည်။ ပြုံးလျက်...

''သာယာတာနဲ့ အေးမြတာ မတူဘူးလားကွ''

''မတူဘူး။ အေးမြတယ်ဆိုတာ ငြိတွယ်မှုမယ် ဘူး။ မြင်နေတွေ့နေရုံနဲ့ ရင်ထဲမှာ အေးချမ်းနေတာ။ သာယာတယ်ဆိုတာ ငြိတွယ်မှုပါတယ်၊ မြင်နေတွေ့နေရုံ နဲ့ မလုံလောက်ဘူး။ ထိချင် တို့ချင် နိုးကပ်ချင်စိတ် ပါ ဝင်နိုင်တယ်။ အဲဒါ သာယာမှုပဲ''

''ဒါဆို ဟိုဘက်ဝရံတာဆီကို မင်း မသွားချင် ဘူးလား''

သူ ခေါင်းခါ၏။

''အဲဒီကောင်မလေးနဲ့ မရင်းနှီးချင်ဘူးလား''

သူ မဖြေ။

''ဖြေလေကွာ''





''မြင်နေတွေ့နေရုံနဲ့ လုံလောက်ပါတယ်လို့ ငါ ပြောပြီးပြီပဲ''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ အခြေအနေက အဲဒီ ထက် ပိုပေးခဲ့ရင်ရော''

သူ သက်ပြင်းချ၏။

ဘုန်းမြင့် စကားဆက်သည်။

''အေးမြမှုရော၊ သာယာမှုရော နှစ်ခုစလုံး ပေါင်းဆုံပြီး အေးမြသာယာမှုတွေ မင်းဆီကို ရောက်လာ ခဲ့ရင်ကော မင်း ငြင်းမှာလား''

''ငြင်းမယ်...၊ ငြင်းရမယ်။ မိုးက ကောင်းကင် တစ်ခုလုံးပြည့်အောင် ဘယ်လောက်ပဲရွာရွာ ငါ ခံယူနိုင် တာ လက်ခုပ်လေးနှစ်ဖက်တည်းပဲလေ၊ လက်ခုပ်ထဲဝင် လာမဲ့ မိုးရေစက်လောက်ကိုပဲ ငါ တောင့်တမယ်...။ ရွာချမဲ့ မိုးရေစက်တွေအကုန်လုံးကို ငါ မလို ချင်ဘူး။ အဲဒီတော့ အေးမြတယ်၊ သာယာတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုအနက် အေးမြခြင်းတစ်ခုကိုပဲ ငါလိုချင်တယ်"

"အဲဒါ မင်းရဲ့ဆန္ဒ အကုန်ပဲလား"

"ဟုတ်တယ်"

"သိမ်ငယ်စိတ်ကြောင့် မင်း..."

"ငါ မသိမ်ငယ်ဘူး ဘုန်းမြင့်၊ ငါ့ဘဝကို ငါ ဘယ်တော့မှ အားမငယ်ဘူး။

ဒါပေမဲ့ လူဆိုတာ ကိုယ်ရနိုင်တဲ့အထိပဲ ခန့်မှန်း သင့်တယ်။ အဲဒီထက်ပိုပြီးခန့်မှန်းရင် ဘဝနဲ့ဆန္ဒ သီးခြားစီဖြစ်သွားတတ်တယ်။

ကောင်းကင်တစ်ပြင်လုံးရှာတဲ့ မိုးတွေအနက် ကိုယ်ရထိုက်တဲ့ အတိုင်းအဆလောက်ပဲ ခံယူသင့်တယ် အကုန်လုံးကို လိုချင်လို့ လက်ဆန့်တန့်ပြီး တောင်း လိုက်တာနဲ့ လက်တစ်ဆုပ်စာလောက်တောင်မရဘဲ အရှ ရာကို လက်လွှတ်ဆုံးရှုံးရတတ်တယ်။

အဲဒါကြောင့် ငါ့ဘဝမှာ အများကြီး မတောင်





တခဲ့ဖူးဘူး။ တစ်ပိုင်တစ်နိုင်ပဲ တောင့်တချင်တယ်။ တစ်နင့်တပိုး မတောင့်တချင်ဘူး"

"ယောက်ျားတခွန် လူညည်ချွန်က ကောင်းကင် တမွတ် ကြယ်ကိုဆွတ်က မလွတ်စတမ်း ရမြဲလမ်းတဲ့၊ အဲဒါကို မင်း မကြားဖူးဘူးလား မြတ်ခက်"

"ကြားဖူးတယ်...၊ ဆိုလို့ကောင်းတယ်၊ ဆိုတိုင်း ဆိုတိုင်း အားတက်တယ်။ ဒါပေမဲ့ ဆိုပြီး ရွတ်ပြီးတိုင်း ကောင်းကင်တပြင်လုံးမှာရှိတဲ့ ကြယ်တွေအကုန်လုံးကို ဆွတ်ယူနိုင်ပါ့မလားလို့ ငါတွေးခဲ့ဖူးတယ်။

အဲဒီလိုတွေးပြီးတဲ့နောက်ပိုင်း တစ်မိုးလုံးမှာရှိတဲ့ ကြယ်တွေအကုန်လုံး ငါ မဖြစ်ချင်ဘူး။ အဲဒီအထဲက ကြယ်တစ်ပွင့်လောက်တော့ ငါ ဖြစ်ချင်တယ်၊ အဲဒါ ငါ သိမ်ငယ်တာလား ဘုန်းမြင့်"

သူ့ကို

"မင်း... စာရေးဆရာလုပ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဘုန်းမြင့်ပြောတ၏။ သူက...

"ငါတွင်မဟုတ်ဘူး၊ လူတိုင်း လူတိုင်း စာရေးသူ ဖြစ်သင့်တယ်။

လူတိုင်းမှာ အတတ်ပညာတွေရှိတယ်။ အသိပညာတွေရှိတယ်။ အတွေ့အကြုံတွေ၊ ဝေဒနာတွေ၊ စေတနာတွေရှိကြတယ်။

အဲဒါတွေအားလုံးကို စာနဲ့ပေနဲ့ ရေးသားပြီး နောက်လူတွေအတွက် ထားခဲ့သင့်တယ်။ အဲဒါကြောင့် လူတိုင်းလူတိုင်း စာရေးဆရာဖြစ်သင့်တယ်"

"ငါရော စာရေးဆရာဖြစ်သင့်ရဲ့လား"

"ဖြစ်သင့်တယ်...၊ ဒါပေမဲ့ မင်းက စာရေးဆရာ မဟုတ်ဘူး၊ ဝတ္ထုရေးဆရာ"

"ဝတ္ထုရေးတာ... စာရေးဆရာ မဟုတ်ဘူးလား"

"မဟုတ်ဘူး...၊ ဝတ္ထုရေးသူက ဝတ္ထုရေးဆရာပဲ စာရေးဆရာဆိုတဲ့ ဝေါဟာရကို သူ တစ်ဝက်ပဲ ပိုင်ဆိုင်





တယ်"

"ဟင်း... မင်းပြောတာနဲ့ ရှုပ်ကုန်ပြီ"

"မရှုပ်ပါဘူး၊ ဆရာဝန်တစ်ယောက်က သူ့ဆေးပညာကို ဘာဇာတ်ကြောင်းမှမပါဘဲ ရေးသားတာကို ဆောင်းပါးရေးတယ်၊ စာရေးတယ်လို့ ခေါ်တယ်၊

စာပေပညာရှင်တစ်ယောက်က စာပေဆောင်းပါးတွေကို ဘာဇာတ်ကွက်မှမဆင်ဘဲ သုတေသနသဘောမျိုး ရေးသားရင် အဲဒါ စာရေးတာပဲ၊ ဝတ္ထုရေးတာမဟုတ်ဘူး၊ မြွက်ကွက်မပါဘူး၊ ဇာတ်လမ်းမပါဘူး၊ ဇာတ်ကွက်တွေ၊ ဇာတ်ဆင်းတွေ မရှိဘူး။ အဲဒီလိုပုဂ္ဂိုလ်တွေကိုပဲ စာရေးဆရာလို့ခေါ်သင့်တယ်။

ကျန်တဲ့သူတွေကိုတော့ ဝတ္ထုရေးဆရာ၊ ဘာသာပြန် ဆရာ၊ အင်တာဗျူးဆရာ အမျိုးမျိုးခေါ်လို့ရတယ်၊

ငါပြောချင်တာ စာရေးတိုင်း စာရေးဆရာ မဟုတ်ဘူးဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ခက်… မင်းပြောသလိုဆိုရင် ငါက ငါရေးတဲ့ဝတ္ထုတွေထဲမှာ စေတနာတွေပါတယ်ကွာ၊ ဗဟုသုတတွေပါတယ်၊ လောကကြောင်း၊ ဓမ္မကြောင်းတွေ ပါတယ်ကွာ၊ အဲဒါ ငါ့ကို စာရေးဆရာလို့ မခေါ်သင့်ဘူးလား"

"မခေါ်သင့်ဘူး၊ မင်း တကယ်စေတနာရှိရင် ဗဟုသုတတွေ၊ လောကဓမ္မအကြောင်းတွေကို ဝတ္ထုလို မရေးဘဲ ဆောင်းပါးလိုရေးပါလား။

ဇာတ်မပျိုးနဲ့၊ မြှုပ်ကွက်မထားနဲ့၊ ပရိသတ်ကို ရယ်အောင်၊ ငိုအောင်၊ လွမ်းအောင်မလုပ်နဲ့။ မင်းပြောချင်တာကို ပြောချင်တဲ့အတိုင်းပဲရေးလေ၊ ဇာတ်လမ်းမဆင်နဲ့။

ဇာတ်လမ်းဆင်ရင်တော့ မင်းဟာ စာရေးဆရာအစစ်မဟုတ်ဘူး၊ ဝတ္ထုရေးဆရာပဲ"

"ကဲပါ… မင်းကို စကားနိုင်မလုတော့ပါဘူး





အခုအချိန်ကစပြီး ငါ စာရေးဆရာဖြစ်အောင် ကြိုးစားပါ့မယ်"

"ကောင်းတယ်"

ဟု သူပြော၏။

"အင်း… စကားလမ်းလွဲသွားတယ်၊ မင်း ဝရံတာက ကောင်မလေးဆီက ဘာလိုချင်တာလဲ ပြော…၊ ပြောပြီးရင် မင်း အိပ်တော့"

"ငါပြောရင် ပြောတဲ့အတိုင်းဖြစ်အောင် မင်းတို့ ကူညီမှာလား"

"ကူညီမယ်၊ ကျော်ကောင်းနဲ့အတူ ငါ ကူညီမယ်၊ ပြော၊ မင်း ဘာဖြစ်ချင်လဲ"

အမှောင်ကိုဖြတ်သန်း၍ ဝရံတာကို သူ ငေးကြည့်သည်။ ပြီးမှ…

"ငါ အဲဒီကောင်မလေးရဲ့နာမည်ကို သိချင်တယ်၊ ပြီးရင် သူ့ရဲ့ပုံတူပန်းချီကားကို ငါကိုယ်တိုင် သူ့ကို လက်ဆောင်ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား...၊ ချစ်တာတွေ၊ ကြိုက်တာတွေ မပါဘူးလား"

သူ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။ ထိုသို့ မျက်လုံးစုံမှိတ်ရင်း ထုထည်ကြီးမားသော ခံစားမှုများကို စကားလုံးများအဖြစ် အသွင်ပြောင်းပစ်လိုက်တော့သည်။

"လောကမှာ ရှိရှိသမျှ ခံစားမှုဝေဒနာအားလုံး၊ အသည်းနှလုံးကို ထိခတ်စေတဲ့ အေးမြမှုအားလုံး၊၊ ကြီးမြတ်ပါတယ်လို့ ဟစ်ကြွေးစရာကောင်းတဲ့ သစ္စာတရားတွေအားလုံး၊ သိုသိပ်နိုင်စွမ်း ကြီးမားလှတယ်လို့ ပြောရလောက်တဲ့ စောင့်စည်းမှုတွေအားလုံး၊ စွန့်လွှတ်ခြင်းများစွာအနက် အထည်ဝါဆုံးသော စွန့်လွှတ်မှုတွေအားလုံး၊ အဲဒီအားလုံးသောအရာတွေကို ငါ့ရဲ့ ဆီဆေးပန်းချီကားထဲမှာ ငါထည့်ထားလိုက်ပြီ"

မျက်လုံးဖွင့်လျက် ဘုန်းမြင့်ကို ကြည့်လိုက်၏။

"အဲဒီလိုထည့်ထားပြီးသား ငါ့ပန်းချီကားကို





ချစ်တယ်၊ ကြိုက်တယ်ဆိုတဲ့ ဝေါဟာရသေးသေးလေးတွေနဲ့ ဘောင်မကွပ်တော့ပါဘူး ဘုန်းမြင့်"

ဘုန်းမြင့်က...

"သာဓုခေါ်တယ် သူငယ်ချင်း...၊ မင်းသန္နိဋ္ဌာန်အတိုင်းပြည့်စုံစေရမယ်၊ ငါ ကတိပေးတယ်"

ခေါင်းငိုက်စိုက်ချလျက် သူ ခေါင်းညိတ်ပြလိုက်သည်။ ချစ်ခြင်းကို ဦးညွှတ်လိုက်သည်ဟု ကိုယ့်ကိုယ်ကို သိ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"သူ့ သူငယ်ချင်းနာမည်က ယဉ်ယဉ်နုတဲ့၊ အဲဒီ ယဉ်ယဉ်နုကို ငါမေးလိုက်တာ၊ မင်းရဲ့ကောက်ကြောင်း နာမည်က မြနှင်းဆီတဲ့"

သူ ပြုံး၏။

ဘုန်းမြင့်က...

"မြတ်ခက်... မေးလေကွာ၊ ငါတို့ ဘယ်လို ကြိုးပမ်းခဲ့ရတယ်ဆိုတာ အားရပါးရ မေးလေ..."

သူ ပြုံးနေဆဲဖြစ်သည်။

"ငါ ဝမ်းသာလို့ပါကွာ...၊ မေးချင်တာ အများကြီး ပဲ၊ ဒါပေမဲ့ ဘာကစမေးရမှန်း မသိလို့ပါ၊ မင်းတို့ပဲ ပြောပြပါလားကွာ၊ ဘယ်လိုဘယ်လို ကြိုးပမ်းခဲ့ရတယ် ဆိုတာ..."

ဘုန်းမြင့်က...

"ငါက တစ်ခွန်းစ နှစ်ခွန်းစပဲ ဝင်ပြောတာ ဒီကောင်က အဓိကဇာတ်ပို့ပဲ"



၄။

"နာမည်က မြနှင်းဆီတဲ့..."

ဈေးဝယ်လာသောဆွဲခြင်းကို စားပွဲပေါ်သို့တင်ပြီးလျှင်ပြီးချင်း ကျော်ကောင်း၏နှုတ်ပါးစပ်မှ မင်္ဂလာကျက်သရေနှင့် ပြည့်ဝလှသော အမည်နာမတစ်ခုကို သူကြားလိုက်ရ၏။

ကျော်ကောင်း၏ နှုတ်သွက် လျှာသွက် အရည်အချင်းကိုသာ သိထားသူမဟုတ်ပါက ထိုအမည်နာမကို ကြားလျှင်ကြားချင်း လွန်စွာ အံ့ဩမိပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းကို မေးဆတ်ပြ၏။

ကျော်ကောင်းက...

"အဲဒီယဉ်ယဉ်နုရဲ့ဈေးခြင်းကို ငါ ဝင်တိုက်ပစ်လိုက်တာ ကြက်သွန်တွေ ပြန့်ကျဲကုန်ရော..."

✿

"ဆောရီးဗျာ..."

ကြက်သွန်တွေ ကောက်ထည့်ပေးပြီးနောက်...

"ဪ... ဘယ်သူများလဲလို့ ဟိုဘက်ဝရံတာကပဲ ခင်ဗျား က တိုက်(...)က မဟုတ်လား"

ယဉ်ယဉ်နုက...

"ဟုတ်တယ်... ဘာလုပ်မလို့လဲ"

ဟု လေသံငြိမ်ငြိမ်ပြောသည်။

"မနေ့ညနေက ခင်ဗျားတို့ဝရံတာဘက်ကို ကြည့်ပြီး ကျွန်တော့်သူငယ်ချင်းတစ်ယောက် ပန်းချီဆွဲနေတာ သိလား"





ယဉ်ယဉ်နုက ကျော်ကောင်း၏မျက်နှာကို မျက်ခုံးတွန့်လျက် သေသေချာချာကြည့်သည်။

"အဲဒါ... အဲဒီမှာ ခင်ဗျားသူငယ်ချင်းကို ကျွန်တော့်သူငယ်ချင်းက ပုံတူကြည့်ဆွဲနေတာ၊ အဲဒါ အဲဒီဆံပင်ရှည်ရှည်နဲ့ကောင်မလေးကို ညနေစောင်းတိုင်း ဝရံတာမှာ ထွက်ရပ်ပေးဖို့ ပြောပေးပါလားဗျာ...။

ကျွန်တော်တို့အားလုံး အနုပညာသမားတွေပါ။ အကူအညီတောင်းတာပါ"

"အဲဒီပုံတူပန်းချီကားက ပြပွဲတင်မှာမို့လား"

ဟု ယဉ်ယဉ်နုက ခနဲ့တဲ့တဲ့မေးသည်။

ဘုန်းမြင့်က...

"ပြပွဲတင်လို့တော့ရတယ်၊ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်း မြတ်ခက်က ကာယကံရှင်မိန်းကလေးကိုပဲ လက်ဆောင်ပေးမှာတဲ့"

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းက…

"ဟုတ်တယ်၊ ပန်းချီကားက ဆီဆေးနဲ့ဆွဲထား တာ၊ နည်းနည်းကြာမယ်၊ ပန်းချီကားကို နာမည်တပ်ဖို့ ကာယကံရှင်ရဲ့နာမည်ကိုလည်းသိချင်တယ်တဲ့။

နောက်… ပန်းချီကား ပိုပြီးပီပြင်ဖို့ ကာယကံ ရှင်ရဲ့ အကူအညီ အများကြီးလိုချင်တယ်တဲ့"

"ဘယ်လိုအကူအညီလဲ"

"ညနေစောင်းရင် စိတ်ပါလက်ပါနဲ့ ဝရံတာမှာ ထွက်ရပ်ပေးရုံလောက်ပါပဲ"

"အဲဒီလောက်ကတော့ ဖြစ်ပါတယ်။ မြနှင်းဆီ ကို ကျွန်မ ပြောပေးပါမယ်။ သူက ပန်းချီကားကို သိပ်မြင်ဖူးချင်တာ။ သူ့ကို ပန်းချီကား လက်ဆောင် ပေးမယ်ဆိုတာ တကယ်ပြောတာလား"

"တကယ်ပြောတာပါ…၊ မယုံရင် လိုက်မေးကြည့် ပါလား"





"မမေးပါဘူး"

"ဒါနဲ့ မြနှင်းဆီရဲ့သူငယ်ချင်း ခင်ဗျားနာမည်က ဘယ်သူလဲ"

"ဘာလုပ်ဖို့လဲ"

"ဪ… ခေါ်ရပြောရတာ နာမည်သိထား တော့ အလွယ်တကူခေါ်ပြောလို့ရတာပေါ့"

ယဉ်ယဉ်နုက ဆွဲခြင်းလေးကို တံတောင်ဆစ်တွင် လျှိုချိတ် သိုက်၏။

ကျော်ကောင်းက…

"ခင်ဗျားနာမည်ကို တကယ်သိချင်တာပါ၊ ကျွန်တော့်ကို ကူညီပါ။ အကြောင်းကိစ္စရှိလို့ အကူအညီ လာတောင်းချင်ရင်တောင် နာမည်မသိတော့ ခက်တယ် လေ"

"ယဉ်ယဉ်နုတဲ့…၊ သွားမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ... နေဦး၊ ပန်းချီကားက ဘယ်တော့လောက်မှ ပြီးမှာလဲ"

"ဆယ့်လေးငါးရက်ဆို ပြီးမှာပါ။ မြနှင်းဆီ ဝရံတာမှာ ထွက်ရပ်ပေးဖို့တော့ လိုမယ်လေ။ ဘာဖြစ်လို့ ကြာချိန်ကို မေးတာလဲ၊ ရပ်ပေးရတဲ့သူ ညောင်းမှာ စိုးလို့လား"

"မဟုတ်ဘူး... မြနှင်းဆီက ဝည့်သည်၊ တစ်လလောက်ဆိုနယ်ကိုပြန်မှာ"

✿

"ဘယ်နယ်ကိုပြန်မှာလဲလို့၊ မင်း မမေးခဲ့ဘူးလား"

ဟု ကျော်ကောင်းကို သူမေး၏။

ကျော်ကောင်း ခေါင်းခါသည်။ နောက်နေ့ မေးပေးမယ်ဟု ပြော၏။ သူက ကျော်ကောင်းကို ပြုံးစစဖြင့် ကြည့်ပြီး...

"ဒါနဲ့နေပါဦး၊ မြနှင်းဆီနာမည်ကိုသိရလို့ ငါ





ကျေးဇူးတင်ပါတယ်။ ယဉ်ယဉ်နုရဲ့နာမည်ကိုတော့ ငါမမေးနိုင်ဘူးနော်၊ မင်း ဘာဖြစ်လို့မေးတာလဲ"

"ဟဲဟဲ... ဒါကတော့ ကျွဲကူးရင် ရေပါတာပဲ လေကွာ၊ ဟဲဟဲ... မင်းကလည်း ဟဲဟဲ"

သူ တဟားဟားရယ်၏။

ဘုန်းမြင့်လည်းရယ်မောသည်။ ရယ်မောမိစဉ် "တစ်လလောက်ဆို နယ်ကိုပြန်မှာ" ဟူသော စကားအသံ ဦးခေါင်းထဲသို့ ဝင်လာသဖြင့် ရယ်မောခြင်းအင်အား ခဏာယ်အတွင်း လျော့ပါးသွားရ၏။

ခွဲရမှာပါ မြနှင်းဆီ...။

✿✿✿

ညနေစောင်းတိုင်း ဝရံတာတွင် မြနှင်းဆီ ထွက်ရပ်နေသည်။ သူကလည်း ညနေစောင်းတိုင်း မြနှင်းဆီကို ငါးမိနစ်လောက် ငေးကြည့်သေး၏။

ပြီးမှ မြနှင်းဆီ၏ ဆည်းဆာဝန်းကျင် ပန်းချီကားကို နှစ်ခြိုက်

မြတ်နိုးစွာရေးဆွဲသည်။

မှောင်ရိပ်ပျိုးစအချိန်လောက်မှ ဝရံတာသို့ ယဉ်ယဉ်နုထွက်လာသည်။

ထိုနည်းတူ သူ့နံရှေးသို့ ကျော်ကောင်းရောက်လာတတ်သည်။ ဘုန်းမြင့် ရောက်လာတတ်သည်။

ဝရံတာမှ အိမ်အတွင်းသို့ဝင်ခါနီးတိုင်း သူတို့ရှိရာဘက်သို့ ယဉ်ယဉ်နု လက်လှမ်းပြသည်။ ကျော်ကောင်းက ပြန်လည်ဝှေ့ယမ်းသည်။

ဘုန်းမြင့်က တာ့တာလုပ်သည်။ သူကတော့ မြနှင်းဆီ၏ မျက်နှာလေးကို နောက်ဆုံးအလင်းရောင် ထင်ကျန်သည်အထိ လှမ်းမျှော် ငေးမောမိဆဲဖြစ်၏။

သတိပြုမိတာတစ်ခုရှိသည်။ သူတို့ရှိရာ ဝရံတာဘက်သို့ မြနှင်းဆီက လှည့်မကြည့်၊ ငဲ့မကြည့်၊ လက်မပြ၊ နှုတ်မဆက်။

သူ ပန်းချီရေးနေစဉ်တွင် တကယ့် သက်ငြိမ်ရုပ်တုတစ်ခု ပမာ ဝရံတာတွင် ရပ်ပေးထားသည်မှအပ မည်သည့်ရင်းနှီးကျွမ်းဝင် ဟန်ကိုမျှ





မပြ။

မြနှင်းဆီ၏ အလှကောက်ကြောင်းများစွာအနက် သူ့အား နှုတ်ဆက်လက်ပြသယောင် သက်ဝင်ယိမ်းကကာ ဝှေ့ယမ်း ကျွမ်းဝင်စေသော အရာဆို၍ လေနှင်ရာသို့ ယိမ်းနွဲ့သွယ်တန်းသွားတတ်သည့် ကေသာနွယ်များသာ ဖြစ်လေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

၅။

"ကောင်းကင်ငယ်...ဝေး

ကောက်ကြောင်းရေးခြစ်။

ဆေးသစ်ပန်းချီ

တိမ်ပလီကွယ်ဝှက်

သွယ်ယှက်မျှင်တမ်း

ရင်အနမ်းက၊





မမြင်လည်း... လွမ်း

မြင်လည်း... လွမ်း။

ကောင်းကင်ငယ်... ဝေး

ကောက်ကြောင်းလေးရေ...။

လက်ဆန့်မတမ်း

သက်တံ့လမ်းခင်း

ခြေလှမ်းပြင်းစွ။

ရင်ခွင်နာဆီ

သက်ဆင်းလာခို...

ရောင်နီပျို... စု၊ နေခြည်နန့်၊

(ရွှေရည်ပြည့်ရွှန်း

ဆည်းဆာလမ်းမှာ)...

အလွမ်းဆုများ ပေးပါလော့...။ ။

ယံဥ်ယဥ်နက အသံထွက်၍ ဖတ်ပြသော ကဗျာကို မြန်နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



နားစိုက်ထောင်ပြီးသောအခါ နှုတ်ခမ်းနုက ပြုံးအားစုလျက်...

"ကဗျာနာမည်က ဘာတဲ့လဲ"

"ကောင်းကင်ကောက်ကြောင်းတဲ့..."

"အဲဒါ ဟိုပန်းချီဆရာလေး မြတ်ခက်ပေးတာ လား"

ဟု မြနှင်းဆီမေး၏။ ယဉ်ယဉ်နုက...

"ရေးတာတော့ သူရေးတာ၊ ပေးတာတော့ သူပေးတာမဟုတ်ဘူး။ သူ့သူငယ်ချင်း ကျော်ကောင်းက တစ်ဆင့် ပေးခိုင်းလိုက်တာ၊ နှင့်ကို"

မြနှင်းဆီက ရင်ခွင်ကိုဖိလျက်...

"ငါ့ကို... ဟုတ်လား"

"ဟုတ်တယ်လေ... ဒီမှာ၊ ကဗျာအောက်မှာ ရေးထားတယ်၊ သို့... မြနှင်းဆီတဲ့၊ အောက်က မြတ်ခက်တဲ့"

"ငါက သူ့ကို ဘာပြန်ရေးပေးရမှာလဲ"





ယဉ်ယဉ်နုက ပြုံးလျက်...

"ကျွန်မမှာ ချစ်သူရှိတယ်၊ ရှင် ဖြေကြီးလိမ့်မယ် လို့ ရေးပေးလိုက်ပေါ့"

"အဲဒီလိုရေးရအောင် အဲဒီမြတ်ခက်ရဲ့ကဗျာက ချစ်တယ်၊ ကြိုက်တယ်လို့ ရေးထားတာမှမဟုတ်ဘဲ...။

ကောင်းကင်ကကောက်ကြောင်းလေးကို ကြည့်ပြီး သူ လွမ်းတယ်တဲ့၊ အဲဒီကောက်ကြောင်းလေးက သက်တန့်ကတစ်ဆင့် ဆင်းသက်လာပြီး လွမ်းတဲ့သူကို အလွမ်းဆုတွေပေးပါတဲ့...၊

ချစ်တာ ကြိုက်တာ ဘာမှမပါဘဲ ငါက ချစ်သူ ရှိတယ်လို့ ပြန်ရေးလိုက်ရင် ငါ အရှူးဖြစ်သွားမှာပေါ့ ယဉ်ယဉ်နုရဲ့"

"အဲ့လိုက်တာ မြနှင်းဆီရယ်၊ ကောင်းကင်က ကောက်ကြောင်းလေးဆိုတာ နှင့်ကို တင်စားထားတာ ဟ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်နိုင်ပါဘူးဟာ၊ အဲ... ဟုတ်တယ်ပဲ ထားပါတော့၊ သူက ငါ့အကြောင်းကို ဘယ်လောက်သိလို့လဲ၊ နင်ကရော ပြောမပြထားဘူးလား"

"မပြောပါဘူး။ ပြောလိုက်လို့ သူ့စိတ်ကူးလှလှလေး ပျက်စီးသွားရင် ဘယ်ကောင်းပါ့မလဲ။

ဒါနဲ့မေးရဦးမယ်၊ နင်က မြတ်ခက်ပေးမဲ့ ပန်းချီကားကို တကယ်ယူမလို့လား"

မြနှင်းဆီ ခေါင်းညိတ်၏။

"ငါယူချင်တယ်။ သူဆွဲတဲ့ ပန်းချီကားကိုလည်း ငါ ကြည့်ချင်တယ်၊ သူ့မျက်နှာကိုလည်း မြင်ဖူးချင်တယ်ဟာ။

တစ်ယောက်နဲ့တစ်ယောက် ကျွမ်းကျွမ်းဝင်ဝင် မရှိခဲ့ဘဲနဲ့ သူ့ပန်းချီကားပြီးမြောက်ဖို့ ဝရုံတာမှာ ငါ မတ်တပ်ရပ်ပေးနေမိတာကိုက ငါ့စိတ်ရဲ့ ထူးခြားမှုတစ်ခု ဖြစ်နေတယ်"





စကားသံသည် နွမ်းနွမ်းမောမော။ ယဉ်ယဉ်နုက သက်ပြင်းလေး ချိုးလျက်...

"နင်က မကြာခင်မှာ လက်ထပ်ရမယ့်သူ ရှိနေပြီလို့ ငါ အခုကတည်းက ကြိုပြီးအသိပေးလိုက်ရမလား။

နင့်ဘဝအခြေအနေကို အကုန်မပြောချင်ပေမယ့် ဒီတစ်ခုတော့ ကြိုပြီးပြောပြထားရင် ကောင်းမလား"

"မပြောပါနဲ့ဦးဟာ...၊ သူ့ပန်းချီကားလေးကို စိတ်ဖြောင့်ဖြောင့်နဲ့ ဆွဲပါစေ"

"နင့်စိတ်ထဲက တစ်ခုခုကို သူ သိချင်ကြားချင်မှာတော့ အမှန်ပဲနော် မြနှင်းဆီ"

"အဝေးကမြင်၊ အဝေးကကြည့်၊ အဝေးက သိနေတာပဲကောင်းပါတယ်လို့ နင်ရေးလိုက်ပေါ့ ယဉ်ယဉ်နုရယ်"

မြနှင်းဆီ ခေါင်းငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ဖိပိတ်လိုက်သည်။ ထိုးဆင်းတော့မည့် မျက်ရည်စီးကြောင်းကို မျက်ဝန်းတံခါးတို့က သည်းကြီးမည်းကြီး ပိတ်ဆို့လိုက်ခြင်း ဖြစ်၏။

ပန်းထက်ရှိ ဆံပင်နွယ်များပေါ်သို့ ယဉ်ယဉ်နု၏လက်ချောင်းလေးများက နွေးထွေးစွာ ကျရောက်လာ၏။

✿ ✿ ✿



၆။

"အဓိပ္ပါယ်မရှိဘူးကွာ..."

ဟု သူ ဖြင်းပြော ပြောသည်။ ကျော်ကောင်းက...

"မင်းဘာသာ တိတ်တိတ်လေးရေးပြီး တိတ်တိတ်လေး သိမ်းထားတော့ ဘာအကျိုးရှိမှာလဲ၊ ကာယကံရှင် မြနှင်းဆီသိအောင် ငါ ကြိုးပမ်းပေးခိုက်တာ၊ မင်း ငါ့ကို ကျေးဇူးမတင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှ သူ့ကို မသိစေချင်ဘဲ။ လူချင်းတောင် တရင်းတနှီးမရှိသေးဘူး။ မျက်နှာချင်းတောင် မဆိုင်ဖူးသေးဘူး။ အခု ရည်စားစာပေးလိုက်သလို ဖြစ်နေပြီ။ ငါ ဘယ်ကောင်းမလဲ၊ မင်းလည်း ဘယ်ကောင်းမလဲ"

ကျော်ကောင်းက...

"ကောင်းပါတယ်...၊ အခု မြနှင်းဆီက မင်းအတွက် ပြန်စာတောင် ရေးပေးလိုက်ပြီပဲ"

ဘုန်းမြင့်က ယဉ်ယဉ်နုနုတစ်ဆင့်ပေးလိုက်သည့် မြနှင်းဆီ၏ အကြောင်းပြန်စာရွက်ကို ကိုင်ဆဖတ်ရှုသည်။

"အဝေးကမြင်၊ အဝေးကကြည့်၊ အဝေးကသိနေတာပဲ ကောင်းပါတယ်တဲ့။ ဒီစာကို ဘာသာပြန်ရမယ်ဆိုရင် မြနှင်းဆီမျက်နှာမှာ ဝက်ခြံတွေ တော်တော်ပေါက်နေမယ် ထင်တယ်"

ပြောပြီး ဘုန်းမြင့် ရယ်လေ၏။ သူ မရယ်မောမိ။

ကျော်ကောင်းက...





"မြနှင်းဆီဝက်ခြံပေါက်တာ မဟုတ်နိုင်ဘူး။ မြတ်ခက်ရဲ့ မျက်နှာပေါက်ဆိုးဆိုးကြီးကို အနီးကပ် မကြည့်ရဲလို့ပဲဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ်ကွာ...၊ ငါ ဘဝင်မကျတာတော့ အမှန်ပဲ။ မြနှင်းဆီကို ဝရံတာမှာ ငါမြင်တယ်၊ သူ့ကို ငါ ပန်းချီဆွဲတယ်၊ ရင်ထဲမှာငြိမ်းချမ်းတယ်၊ ဒါပဲ။

ဒီငြိမ်းချမ်းမှုကြောင့်ဖြစ်လာတဲ့ခံစားချက်ကို ငါ့ကိုယ်ပိုင်စာအုပ်ထဲမှာ ငါရေးတတ်သလောက် ရေးထားတာ။ သူ မသိသင့်ဘူး"

"သိသွားတော့ ဘာဖြစ်လဲ မြတ်ခက်ရာ...။ မင်း ဘာဖြစ်သွားလို့လဲ"

ဟု ကျော်ကောင်းမေး၏။

"ငါ ဘာမှမဖြစ်ပါဘူး...၊ ငါကလည်း သူ့စာထဲက လိုပဲ အဝေးကမြင်ပြီး အဝေးကကြည့်နေချင်တဲ့ ကောင်ပါ။ ဒါပေမဲ့ မြနှင်းဆီစိတ်ထဲမှာ ဘယ်လိုမြင်သွား

www.burmeseclassic.com



မလဲ။ အနုပညာသမားတွေက မျိုးသပ်နိုင်စွမ်းမရှိတဲ့ သူတွေ၊ ခံစားလွယ်သလို ရင်ဖွင့်ဖို့လွယ်တဲ့သူတွေလို့ ထင်သွားမှာပေါ့"

"ထင်သွားတော့ ဘာဖြစ်လဲ...၊ မြနှင်းဆီက မင်းကို ခါးခါးသီးသီး တုံ့ပြန်လိုက်တာလည်း မဟုတ်ဘူး။

အနုပညာသမားမကလို့ အကြမ်းပတမ်းသမားပဲ ဖြစ်ဖြစ်၊ ရင်ထဲမှာဖြစ်တဲ့ကိစ္စကို ခံစားထားရတဲ့အတိုင်း ရင်ဖွင့်တာ၊ အသိပေးတာ၊ မသင့်လျော်တဲ့ကိစ္စ မဟုတ်ဘူး"

ကျော်ကောင်း၏မျက်နှာကို သူ မျက်လုံးပင့်လျက် မော့ကြည့်လိုက်သည်။

"ကျော်ကောင်း"

ခေါ်သံသည် တိမ်ဝင်သွား၏။

"ငါက... ငါက ရင်ဖွင့်သင့်တဲ့ကောင်လား။ ရင်ဖွင့်နိုင်တဲ့ အခြေအနေလား၊ ပြောလေ...





ကျော်ကောင်း။

ပြော... မင်းက ဟုတ်တယ်၊ ရင်ဖွင့်သင့်တယ် ဆိုရင် ငါ အခုချက်ချင်း မြနှင်းဆီရှေ့တည့်တည့်ကို မရောက်ရောက်အောင်သွားပြီး ငါ ရင်ဖွင့်မယ်။

မြတ်ခက်ဆိုတဲ့ကောင်က မြနှင်းဆီလို မိန်းမလှ တစ်ယောက်နဲ့ ထိုက်တန်တယ်လို့ မင်းပြော..."

ကျော်ကောင်း မျက်နှာလွှဲသွား၏။

ဘုန်းမြင့်က...

"စိတ်မဆိုးပါနဲ့ မြတ်ခက်ရာ၊ ကျော်ကောင်းက မင်းကို စေတနာနဲ့ပါ"

"ငါ ကျော်ကောင်းကို စိတ်ဆိုးနေတာ မဟုတ်ဘူး ဘုန်းမြင့်၊ မြနှင်းဆီကို အားနာနေတာ။

ငါ့လိုကောင်မျိုးဟာ မြနှင်းဆီအပါအဝင် ဘယ် မိန်းကလေးနဲ့မှ မထိုက်တန်ဘူး။ ငါ့အခြေအနေကို မင်းတို့ အသိဆုံးပဲ၊ ငါ့ အခြေအနေကို ငါ အသိဆုံးပဲ

www.burmeseclassic.com



ငါပြောဖူးပြီပဲ...၊ ငါ လက်တစ်ခုပ်စာလောက်ပဲ မျှော်လင့်တယ်။ ကျန်တဲ့မျှော်လင့်ခြင်းတွေအားလုံး ငါ မျိုချထားပြီးသား"

စားပွဲပေါ်ရှိ ဈေးခြင်းတောင်းကို ကျော်ကောင်း ကောက်ယူသည်။ ပြီးနောက် မီးဖိုဆောင်ဘက်သို့ ခြေလှမ်းပြင်၏။ ဘုန်းမြင့်က...

"ဟေ့ကောင်... ကျော်ကောင်း"

ကျော်ကောင်း လှမ်းကြည့်သည်။

"မြတ်ခက်ကို မင်း စိတ်ဆိုးသွားတာလား"

ကျော်ကောင်း ခေါင်းခါ၏။

"အဲဒါဆို မြတ်ခက်ကို မင်း လာတောင်းပန်လိုက်လေကွာ"

သူ့နံဘေးသို့ ကျော်ကောင်းလာထိုင်၏။

"ငါ့ကို စိတ်မဆိုးနဲ့ မြတ်ခက်၊ စိတ်ဆိုးရင်လည်း ငါ တောင်းပန်ပါတယ်။ မြနှင်းဆီကြောင့် မင်းကို ကြည်နူးနေစေချင်တာ ငါ့ဆန္ဒပါ"





"ငါ နားလည်ပါတယ်၊ ခင်း တောင်းပန်ဖို့ မလိုပါဘူး။ ငါကိုက သိမ်ငယ်နေတာ ဖြစ်မှာပါ"

ကျော်ကောင်းက ဝရံတာဘက်သို့ ငေးကြည့်ရင်း...

"မြနှင်းဆီက မင်းကို စကားပြောချင်တယ်တဲ့...။ သူ့အကြောင်းတွေ သိစေချင်လို့တဲ့၊ ယဉ်ယဉ်နဲ့ ငါ့ကို မှာလိုက်တယ်"

သူ ခေါင်းခါ၏။

"ငါ မြနှင်းဆီကို စကားပြောမှာမဟုတ်ဘူး။ သူ့အနားကို ငါ ရောက်အောင်သွားတဲ့အချိန်ဟာ သူ့ပုံတူပန်းချီကားကို သူ့လက်ထဲထည့်တဲ့အချိန်ပဲ။ တခြား သူ့ကို ငါ ဘာစကားမှ မပြောတော့ဘူး"

"သူပြောမယ့်စကားကိုတော့ မင်း နားထောင်ပေးသင့်တာပေါ့"

ဟု ဘုန်းမြင့် ဝင်ပြော၏။

"လူကိုမြင်မှ ပြောချင်စရာစကားတွေ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးသွားပါဦးမယ်ကွာ"

ကျော်ကောင်းက...

"ငါတို့ မင်းအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောမထားဘူး မြတ်ခက်"

"ပြောမထားလည်း ကိစ္စမရှိပါဘူးကွာ၊ သူ့ကို ပန်းချီကားပေးတဲ့နေ့ကျရင် ငါ့ကိုမြင်တာနဲ့ သူ အကုန် သိသွားမှာပဲ"

ပြောပြီး ဝရံတာရှိရာ အနောက်ဘက် မြစ်ကမ်းဘက်သို့ နှမ်းမောစွာ ငေးကြည့်မိ၏။ ဆည်းဆာရောက်ဖို့ လိုသေးသည်။

✿ ✿ ✿



၃။

ညနေစောင်းသောအခါ သည်ဘက်ဝရံတာတွင် မြနှင်းဆီ မတ်တပ်ရပ်သည်။ ဟိုဘက်ဝရံတာတွင် မြတ်ခက် ပန်းချီလှမ်းဆွဲသည်။ မြနှင်းဆီသည် အခြားသောအချိန်များတွင် အခြားသော အဝတ် အစားများကို ဝတ်ဆင်၏။ မြတ်ခက် ပန်းချီဆွဲမည့်အချိန်တွင် ပန်းချီ စတင်ရေးဆွဲသည့်နေ့က ဝတ်ဆင်သော အဝတ်အစားများကို ထပ်မံ ဝတ်ဆင်ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ခက်ဆိုသူကို မြနှင်းဆီ မြင်ဖူးချင်သည်။ စကားတွေ ပြောချင်သည်။ ပန်းချီအကြောင်း ပန်းချီကားတွေအကြောင်း ပြီးတော့... အမှောင်အကြောင်း၊ ပြီးတော့... အလင်းရောင်အကြောင်း။

အမှောင်၏သိပ်သည်းဆကို ပန်းချီဆွဲဖို့ မြတ်ခက်ကို သူပြောပြနိုင်သည်။ အလင်းအား၏ ရောင်ခြည်စွမ်းအားကို မြနှင်းဆီ ခံစားမြင်ယောင်ဖို့ မြတ်ခက် ပြောပြနိုင်ပေလိမ့်မည်။

ပြီးနောက်...

မြနှင်းဆီအား လွန်စွာချစ်မြတ်နိုးပြီး လွန်စွာ စာနာသနားတတ်သည့် လူတစ်ယောက်နဲ့ မကြာမီမှာ လက်ထပ်တော့မည့် အကြောင်း...

မြတ်ခက်ကို အားနာပါးနာနဲ့ ပြောပြချင်သေးသည်။

ပြီးနောက်...

မြတ်ခက်ရေးဆွဲထားသည့် မြနှင်းဆီ၏ ပုံတူပန်းချီကားကို လက်ဖွဲ့ပစ္စည်းအဖြစ်ပေးပါရန် ကိုယ်တိုင်တောင်းခံလိုသေး၏။

ထို့ကြောင့်...





မြနှင်းဆီက မြတ်ခက်နှင့် စကားပြောလိုခြင်းဖြစ်၏

❁

"မပြောပါနဲ့ဦးဟာ"

ဟု ယဉ်ယဉ်နုတား၏။

"ဘာဖြစ်လို့လဲ"

"နင့်အကြောင်းကို ငါ ဘာမှမပြောထားဘူး"

"ပြောပြထားလိုက်ရောပေါ့ ယဉ်ယဉ်နုရယ်"

"ငါပြောလိုက်ရင် အဲဒီမြတ်ခက်ဆိုတဲ့ ပန်းချီဆရာလေးက နင့်ပုံတူပန်းချီကားကို ဆက်မဆွဲတော့ဘဲ နေမှာပေါ့"

"အနုပညာသမားတွေက အဲဒီလောက်အထိ မသေးသိမ်ဘူး ယဉ်ယဉ်နု"

"ဘာပဲဖြစ်ဖြစ်ဟာ...၊ ပန်းချီကားလည်း ပြီးလောက်ပြီးပဲ၊ နင်လည်း မင်္ဂလာဆောင်ရတော့မှာပဲ။ ပြောစရာရှိတာတွေကို နောက်မှပြောကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နော်... မြနှင်းဆီ"

မြနှင်းဆီ ခေါင်းညိတ်လိုက်ရ၏။

ယဉ်ယဉ်နု၏ မီးခလုတ်ဖွင့်သံကြားသည်။ နေဝင်ပြီဟု သိ၏။

✿

"ပန်းချီကားနာမည်ကို မြနှင်းဆီလို့ ပေးလိုက်ရင်ပြီးရော...၊ ကောင်းကင်ကောက်ကြောင်းဆိုတော့ အဓိပ္ပါယ်ရှုပ်ထွေးတယ်"

ဘောင်သွင်းပြီးပြီဖြစ်သော မြနှင်းဆီ၏ ပုံတူပန်းချီကားကို စက္ကူချပ်ကြီးများဖြင့် ထုပ်ပိုးရင်း ဘုန်းမြင့်က ဝေဖန်စကားပြော၏။ ကျော်ကောင်းက စက္ကူချပ်များပေါ်မှနေ၍ ပလပ်စတစ်ကြိုးများဖြင့် ပန်းချီကားကို ချည်နှောင်နေသည်။

သူက ဘီးတပ်ကုလားထိုင်ကို ပန်းချီကားရှိရာသို့ အနည်းငယ်တိုးပြီး...

"ကောင်းကင်ပေါ်မှာ ပန်းချီရေးလို့ရလား"

"မရဘူးလေ...၊ အဲဒါ့ဘာဖြစ်လဲ"





"ငါ မြနှင်းဆီပုံကိုရေးတာလည်း ကောင်းကင်မှာ ပန်းချီရေးတာနဲ့ အတူတူပဲ။ မြနှင်းဆီနဲ့ပတ်သက်တဲ့ ဘာကိုမှ ငါ ပိုင်ခွင့်ဆိုင်ခွင့်မရှိဘူး။ အဲဒါကြောင့် ဒီကားကို ကောင်းကင်ကောက်ကြောင်းလို့ နာမည်တပ်လိုက်တာ"

ကျော်ကောင်းက ကြိုးစတစ်စကို ကပ်ကြေးဖြင့်ကိုက်လိုက်ပြီး...

"ငါသာဆိုရင် ပန်းချီကားပြီးသွားပေမဲ့ ကာယကံရှင်ကို မပေးဖြစ်ခင် တစ်ဝကြီး ထိုင်ကြည့်ဦးမှာ...။

အခု မင်းက ဆေးခြောက်တာနဲ့ ထုပ်ပိုးပစ်လိုက်ပြီ ဘယ်လိုဖြစ်တာလဲ"

"အနုပညာဆိုတာ ပေးဖို့ကွ၊ ရသလောက် သဲယူဖို့မဟုတ်ဘူး။ ပေးရမဲ့ပစ္စည်းကို ငါတွယ်မနေချင်တော့ဘူး။ အဲဒါကြောင့်"

သူ စကားမဆက်တော့ချေ။

ဘုန်းမြင့်က သူထိုင်နေသော ဘီးတပ်ကုလားထိုင်အနောက်



www.burmeseclassic.com

www.burmeseclassic.com



သို့လာရပ်ပြီး...

"မြနှင်းဆီက မင်းနဲ့စကားပြောချင်တယ်တဲ့၊ ယဉ်ယဉ်နုနဲ့ မှာလိုက်တယ်"

"သူ့မှာ ဘာပြောစရာရှိနေလို့လဲ"

"ရှိမှာပေါ့...၊ လူတိုင်း လူတိုင်းမှာ သူတို့သိစေချင်တဲ့သူသိဖို့ ပြောစရာတစ်ခုဆိုလောက်တော့ ရှိနေတတ်ကြတာပဲ။ မင်းကော မြနှင်းဆီကို ပြောစရာမရှိဘူးလား"

သူ ခေါင်းခါ၏။

ပြီးနောက်...

"အနုပညာသမားဆိုတာ စကားသိပ်မပြောရဘူး။ ပြောချင်တဲ့စကားတွေအားလုံး သူဖန်တီးတဲ့ အနုပညာထဲမှာထည့်လိုက်ပြီ ပေးပစ်လိုက်ပြီ။ ပြောစရာ မရှိတော့ဘူး"

"မြနှင်းဆီမှာ ပြောစရာရှိနေတယ်ဆိုရင်ရော"





ဝရံတာ၏အပြင်ဘက်သို့ သူ ငေးမောလိုက်သည်။

"ဘာလဲ...၊ နှုတ်ဆက်စကားပြောမှာလား"

"အဲဒီစကားလည်း ပါတာပေါ့၊ ပြီးတော့ သူ့အကြောင်း"

ဘုန်းမြင့်၏ပြောစကားကို သူ လက်ကာဟန့်တားလိုက်၏။

ပြီးမှ...

"တစ်ယောက်ယောက်နဲ့ လက်ထပ်ရတော့မယ် ဆိုတာမျိုးလား"

ကျော်ကောင်းက...

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ် မြတ်ခက်၊ မကြာခင်မှာ သူ လက်ထပ်ရတော့မယ်၊ ပြီးရင် အဲဒီ လက်ထပ်တဲ့သူရဲ့နောက်ကို မင်္ဂလာဆောင် ပြီးပြီးချင်း လိုက်သွားရမယ်၊ ပြီးတော့ မင်းရဲ့ပန်းချီကားကို သူ လက်ဖွဲ့ပစ္စည်းအဖြစ် လက်ခံလိုမှာမယ်၊ ဒါပါပဲ...၊ အဲဒါပဲ ပြောမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်း စကား ခဏရပ်သည်။ ပြီးမှ စကားဆက်၏။

"မြတ်ခက်...

မြနှင်းဆီအကြောင်းကို နောက်ထပ် မင်းသိဖို့ တစ်ခုခု လိုနေဦးမယ်လို့ မင်း မထင်ဘူးလား"

သူ ခေါင်းခါ၏။

"ဒါဆို ဒီလောက်နဲ့ပဲလုံလောက်တယ်လို့ မင်း ယူဆတယ်ပေါ့"

သူ ခေါင်းညိတ်၏။

"ဒါဆို မြနှင်းဆီပြောပြမယ့် မြနှင်းဆီ အကြောင်း တွေကို ယဉ်ယဉ်နုကတစ်ဆင့် ပြောပြပြီးပြီမို့ မင်း အားလုံးသိပြီးသားပါလို့ မြနှင်းဆီကို ငါတို့ လိမ်ပြောခွင့် ပြုပါ"

"စကားကြည့်ကောင်းအောင်ပြောလိုက်ပေါ့ ကွာ"

ဟု သူပြော၏။

ဘုန်းမြင့်က...





"မြနှင်းဆီရဲ့မိတ်ဆွေ ရောက်လာကြတော့မယ်၊ ရော့... ဒီမှာ"

ဘုန်းမြင့်က စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်ကြားမှ ဖိတ်စာ တစ်စောင်ကိုထုတ်ပြီး သူထိုင်နေရာ ဘီးတပ်ကုလားထိုင်ပေါ်သို့ ပစ် တင်လိုက်၏။

**ဦးအေးသိန်းအောင်**

**နှင့်**

**မမြနှင်းဆီတို့၏**

မင်္ဂလာဆည်ခံပွဲဖိတ်ကြားလွှာ

"ဘယ်နှယ့်လဲ၊ မင်း ခံနိုင်ရည်ရှိတယ် မဟုတ် လား"

ဘုန်းမြင့်၏ အမေးစကား။

"ငါက လူ့လောကထဲဝင်လာကတည်းက ခံနိုင် ရည် ရှိပြီးသားပဲ"

"မြနှင်းဆီနဲ့ပတ်သက်ပြီး နောက်ထပ် မေးရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာခံစားချက်မှ မရှိနိုင်တော့ဘူးပေါ့၊ ဟုတ်လား…''

''ဟုတ်တယ်''

''သေချာလား''

''သေချာတယ်၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းတောင် မဆိုင်ဘူးသေးဘဲနဲ့ သိပ်ပြီး ထိထိခိုက်ခိုက် မခံစားသင့်ဘူး''

ကျော်ကောင်းက…

''ဒါဆို မင်း ကတိတစ်ခုပေး''

''ဘာကတိလဲ''

''ဒီပန်းချီကားကို မြနှင်းဆီလက်ထဲကို မင်းကိုယ်တိုင်ထည့်ပါ့မယ်ဆိုတဲ့ကတိ''

''ငါမှ အောက်ကိုမဆင်းနိုင်ဘဲ…၊ မင်းတို့ယူသွားလည်း ရသားပဲ''

''မင်းကို ငါတို့တွဲမယ်၊ ဘေးခန်းက လူတွေကိုပါ အကူအညီတောင်းပြီး မင်းကို အောက်ရောက်တဲ့





အထိ ငါတို့စီစဉ်မယ်။ ဘယ်နှယ်လဲ''

သူ စကားမတုံ့ပြန်သေး။

''ဘာလဲ…၊ မြနှင်းဆီကိုမြင်ရတာနဲ့ စိတ်ထိန်းချုပ်မှု မထိန်းနိုင်မှာ စိုးလို့လား''

ကျော်ကောင်းဖော်ခနဲ့သည်။

ဘုန်းမြင့်က…

''ခုနက မြတ်ခက်ပြောပြီးပြီပဲ၊ မြနှင်းဆီနဲ့ ပတ်သက်ပြီး နောက်ထပ် ဘာခံစားချက်မှမရှိနိုင်တော့ဘူးတဲ့။ ဟုတ်တယ် မဟုတ်လား မြတ်ခက်''

''ဟုတ်တယ်''

''ဒါဆို မြနှင်းဆီလက်ထဲကို ဒီပန်းချီကား မင်းကိုယ်တိုင်ထည့်လိုက်ဖို့ ဘာလိုနေသေးလို့လဲ''

''ဘာမှမလိုပါဘူး မင်းတို့ကို ငါ ကတိပေးတယ်။ သူ မင်္ဂလာဆောင်တဲ့နေ့ကျရင် ငါကိုယ်တိုင်ပေးမယ်''

ပြောပြီး ဘီးတပ်ကုလားထိုင်ကို အိပ်ခန်းရှိရာသို့ သူ တွန်း

www.burmeseclassic.com



ရွှေသွားလေ၏။

ဘဝကို စိတ်နာချင်သည်။



၈။

ကျော်ကောင်းနှင့် ဘုန်းမြင့်က ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားပြီးဖြစ်၏။ ခွေးခြေတစ်လုံးတွင်ထိုင်လျက် ဝရံတာ အုတ်တန်းပေါ်သို့ လက်နှစ်ဖက်ကို ယှက်တင်သည်။ ထိုလက်နှစ်ဖက် ပေါ်တွင် မေးတင်ပြီး လမ်းမပေါ်တွင် စီရီစွာ ရပ်ထားသည့် ကား သုံးစင်းကို ငုံ့ကြည့်နေမိ၏။

သူ ငုံ့ကြည့်နေရာ ဝရံတာနှင့် ရပ်ထားသော ကားသုံးစီး သည် မျက်စောင်းတန်းဖြစ်စွာ ကွာလှမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကားသုံးစီးစလုံးသည် အဖြူရောင်။ ရှေ့ဆုံးတွင် ရပ်တန့်ထားသည့်ကားသည် ပိုမိုထည်ဝါ လွန်း၏။ သတို့သားနှင့် သတို့သမီးတို့ စီးနင်းလိုက်ပါမည့်ကားဟု သူသိ၏။

သူနှင့်တစ်ခန်းကျော် ဝရံတာသို့ အကြောင်းမဲ့စွာ ငေးကြည့်မိစဉ် သစ်လွင်သော အဝတ်အစားကို ဝတ်ဆင်ထားသည့် ယဉ်ယဉ်နုကို မြင်လိုက်ရ၏။ မမြင်ဟန်ပြုလိုက်ပြီး ရှေ့တူရူရှိ လှိုင်မြစ်၏ တစ်ဖက်ကမ်းသို့ ငေးမောနေလိုက်သည်။ မှုန်ပျပျမျှ မြင်နေရသော စေတီဖြူဖြူလေးကို စိတ်နှလုံးဖြင့် ပူဇော်နေရ၏။

"မင်း...အဝတ်အစားမလဲဘူးလား မြတ်ခက်"

ကျော်ကောင်းက စက္ကူဖြင့် ထုပ်ပိုးထားသည့် ပန်းချီကားကို ကိုင်မထားလျက် မေးသည်။

"မလဲတော့ဘူး။ ငါ မင်္ဂလာဆောင်အထိ မလိုက်ချင်ဘူး"

"မလိုက်လို့မဖြစ်ဘူးလေ...၊ မင်းကိုယ်တိုင်ပေးမယ်ဆို၊ ဒီပန်းချီကားကို"





"မြနှင်းဆီ အောက်ကိုဆင်းလာမှ ငါသွားပေးမယ်လေ"

"ကဲ... အဲဒါဆိုလည်းထား၊ အခု အောက်ကို ဆင်းထားမယ်၊ ခဏဆို မြနှင်းဆီ ကားပေါ်ရောက်တော့မှာ"

"သတို့သားရှေ့မှာ ငါပေးလို့ သင့်လျော်ပါ့မလား"

ဟု သူမေး၏။

"ရတယ်၊ ကိစ္စမရှိဘူး။ မင်း အခြေအနေကို ငါတို့ ယဉ်ယဉ်နုကို ပြောထားလိုက်တယ်၊ ယဉ်ယဉ်နုက မြနှင်းဆီကိုတော့ သူ အသိမပေးဘူးတဲ့"

ကျော်ကောင်းက...

"ကဲပါကွာ၊ ဘာမှစိုးရိမ်မနေနဲ့၊ ထ။ သတို့သားကိုလည်း မင်းအခြေအနေကို ပြောပြထားပြီးသား။ မြနှင်းဆီကလွဲရင် မင်း အခြေအနေကို အားလုံး သိထားပြီးကြပြီ၊ မြနှင်းဆီတစ်ယောက်ကိုပဲ အသိမပေး



www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ ကဲ... ကဲ... လာ"

ဘုန်းမြင့်နှင့်အတူ ကျော်ကောင်း သူ့ကို ထူမသည်။

✿

နံဘေးအခန်းရှိလူများ၏ အကူအညီ သူငယ်ချင်းနှစ်ယောက်၏ အကူအညီဖြင့် ဖလှကားထစ်ပေါင်းများစွာကို သူ ဆင်းသက်နိုင်ခဲ့သည်။ လမ်းမပေါ်သို့ရောက်သောအခါ ဘီးတပ်ကုလားထိုင်တွင် သူထိုင်၏။

ပန်းချီကားကို သူ့လက်ထဲသို့ ကျော်ကောင်းထည့်သည်။ မြနှင်းဆီနှင့် ယဉ်ယဉ်နုတို့ ဆင်းလာမည့်ဘက်သို့ သူ ငေးကြည့်စဉ် ကားသုံးစီးစလုံး ဖြေးညင်းစွာ ရွေ့လျားလာ၏။ ထိုအခါ သူ့ဘီးတပ်ကုလားထိုင်ကို ဘုန်းမြင့်က ကားလမ်းနံဘေးသို့ တွန်းရွှေ့ပေးလေသည်။ ကျော်ကောင်းက နံဘေးမှ လိုက်ပါလာ၏။

ရှေ့ဆုံးကားသည် သူ့အနီးသို့ တိုးကပ်ရပ်တန့်သည်။ ကားနောက်ခန်းတွင် မြနှင်းဆီကို နီးကပ်စွာ မြင်တွေ့လိုက်ရ၏။ ရင်ထဲတွင် လှပ်ခနဲ ခံစားလိုက်ရသေးသည်။ ဆေးသားတို့ဖြင့် ပြေးလွှား





ခြယ်သထားရာ ပန်းချီကားအတွင်းရှိ အလှနတ်သမီးကို [illegible] ထင်ထင် မြင်လိုက်ရသည်ဟု ခံစားရ[illegible] လှလိုက်တာ မြနှင်းဆီလေး...

မြနှင်းဆီသည် သူ့ကိုမြင်လျှင်မြင်ချင်း ပြုံးပြ နှုတ်ဆက် ရှေ့တည့်တည့်ကိုသာ ငေးကြည့်နေ၏။ ထို့ကြောင့် သူ ခေါင်းငုံ့ထားလိုက်သည်။

မြနှင်းဆီ၏နံဘေးတွင် ထိုင်နေသော ယဉ်ယဉ်နုက တစ်ဖက်ရှိ ကားတံခါးကိုဖွင့်ပြီး သူ့အနီးသို့ ရောက်လာ၏။ ပြီးမှ [illegible] သူ့နေရာတွင် သတို့သားဝတ်စုံ ဆင်မြန်းထားသူအား...

"ဦးအေးသိန်း၊ ဒါ... မြနှင်းဆီရဲ့သူငယ်ချင်း ကိုမြတ်ခက်"

အပြုံးနှစ်ခု ဖလှယ်ပြီးခါမှ မြနှင်းဆီမျက်နှာ နံဘေးသို့ ငုံ့လာ၏။

"ကိုမြတ်ခက်...၊ ဒါ မြနှင်းဆီရဲ့သတို့သား ဦးအေးသိန်းအောင်"

သူ ခေါင်းညိတ်ပြုံးပြလိုက်သည်။ လက်ဆွဲနှုတ်ဆက်ကြသည်။

"မြနှင်းဆီ"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်နု၏ ခေါ်သံလာရာသို့ မြနှင်းဆီ မော့ကြည့်၏။

"ကိုမြတ်ခက်လေ...၊ နင့်ကို ပန်းချီကားပေးမလို့"

"ဩော်..."

ပထမဦးဆုံး ကြားခွင့်ရသည့် နှုတ်ပွင့်စကားသံ "ဩော်"။

"ကိုမြတ်ခက်၊ ပန်းချီကား ပေးလိုက်လေ"

"ဟုတ်ကဲ့"

မြနှင်းဆီရှိရာ ကားပြတင်းပေါက်အတွင်းသို့ ပန်းချီကားကို သူ လှမ်းပေးသည်။ မြနှင်းဆီ လှမ်းယူသည်။ လှမ်းယူသောလက်သည် ပန်းချီကားရှိရာသို့မရောက်ဘဲ ကျော်ကောင်းထံသို့ လှမ်းယူနေလေ၏။

ပန်းချီကားကို ယဉ်ယဉ်နု လှမ်းယူသည်။ မြနှင်းဆီလက်ထဲသို့ ကားတံခါးဖွင့်ပြီး ထည့်ပေးလိုက်၏။ မြနှင်းဆီက ပန်းချီကားကို ရင်ခွင်နှင့်အပြည့် ပွေ့ဖက်ထားရှာသည်။ ယဉ်ယဉ်နုက ကားတံခါးကို ပြန်ပိတ်လိုက်စဉ် မြနှင်းဆီ၏ ဒုတိယမြောက်နှုတ်ဆက်စကားကို သူ ကြားခွင့်ရလိုက်၏။

ကျော်ကောင်းရှိရာသို့ မျက်နှာမူရင်း မြနှင်းဆီက...





"ကျေးဇူးပါပဲ ကိုမြတ်ခက်၊ မြနှင်းဆီ အခုမှ ကျေးဇူးတင်ပါတယ်၊ မြနှင်းဆီက ပန်းချီကားတွေကို ရော တခြားအရာတွေကိုရော သိပ်မြင်ဖူးချင်တာ"

ကား စက်နှိုးသံ ကြားရသည်။ ကားဘီးရွေ့ဖို့ပြင်သည်။ ယဉ်ယဉ်နုက ကားပေါ်သို့ အပြေးတက်ပြီး...

"ကိုဘုန်းမြင့်တို့ နောက်ကားနဲ့လိုက်ခဲ့နော်၊ နောက်ဆုံးကားမှာ မိဘတွေလည်းပါတယ်"

ကျော်ကောင်းက သူ့ကို အပေါ်ထပ်သို့ ပြန်တင်ပေးရဦးမည့် အကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြောလိုက်၏။

သတို့သားက သူ့ကို လက်ပြနှုတ်ဆက်သည်။ သူ လက်ပြန်ပြသည်။ ကားသုံးစီးစလုံး မြင်ကွင်း၏အဝေးသို့ရောက်သွား၏။ သူ မျက်မှောင်ကြုတ်၍ ကျန်ခဲ့လေသည်။

✿

ကျော်ကောင်းကို မော့ကြည့်လျက်...

"မြနှင်းဆီကိုကြည့်ရတာ တစ်မျိုးပဲ ဒီအချေ

www.burmeseclassic.com



အနေကြောင့် စကားကို ဟက်ဟက်ပက်ပက် မပြောတာ လား"

ဘုန်းမြင့်က...

"မင်းအခြေအနေကို သူ မသိဘူး။ သူသိအောင်လည်း ဘယ်သူမှ ပြောပြကြမှာမဟုတ်ဘူး"

"ဘယ်လို...၊ သူ မသိဘူးဟုတ်လား။ ငါ ပိုလီယိုရောဂါသည်လေ၊ ဒီ... ဝှီးချဲ(ယ)ပေါ်မှာ ထိုင်နေရတာလေ"

"သူက မျက်မမြင်ကွ။ မင်းကိုရော၊ မင်းအခြေအနေကိုရော၊ မင်းဆွဲပေးလိုက်တဲ့ ပန်းချီကားကိုရော၊ လောကကြီးကိုရော သူ မမြင်ရရှာဘူး"

"တကယ်..."

ရင်တွင်းမှ ပေါ်ထွက်လာသော 'နက်နဲတုန်ဟည်းသွားသည့်' လှိုင်းတံ။

"ဟုတ်တယ် မြတ်ခက်...၊ မွေးရာပါ ဟုတ်





မဟုတ်တော့ မေး မကြည့်မိဘူး။ အခု မြနှင်းဆီကို လက်ထပ်တဲ့ ဦးအေးသိန်းအောင်က မြနှင်းဆီရဲ့မျက်လုံးတွေကို အစွမ်းကုန်ကုပေးလိမ့်မယ်။

မြနှင်းဆီရဲ့ စိတ်ကူးအာရုံထဲမှာ ပန်းချီဆရာလေး မြတ်ခက်ရဲ့ပုံသဏ္ဍာန်က ရှိနေပြီးသား။ သူ့စိတ်ကူးထဲက ပုံသဏ္ဍာန်လေး ပျက်စီးသွားရင် မြနှင်းဆီ စိတ်မကောင်းဖြစ်သွားမှာစိုးလို့တဲ့။ မင်းရဲ့ အခြေအနေမှန်ကို ယဉ်ယဉ်နုက အသိမပေးဘူး"

ကျော်ကောင်းက...

"မြနှင်းဆီကတော့ သူ့ရဲ့အခြေအနေမှန်ကို မင်းသိထားပြီးသားလို့ ထင်နေတာ"

သူ ခေါင်းငိုက်စိုက်ကျသွားလေ၏။ ကားများထွက်ခွာသွားရာ ဘက်သို့ ငေးမျှော်ကြည့်လိုက်မိသည်။

"ငါ မင်းတို့ပြောမှသိတာ"

ဘုန်းမြင့်က...



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဆီနဲ့ပတ်သက်တဲ့ နောက်ထပ်ခံစားချက် မရှိတော့ဘူး ဆိုတဲ့ မင်းရဲ့စကားကို မင်း ရုပ်သိမ်းလိုက်ပါလား မြတ်ခက်"

"အေးပါကွာ..."

"မင်းကို မြနှင်းဆီအကြောင်း ကြိုပြောပြချင်ပါတယ်။ ဒါပေမယ့် မြနှင်းဆီကိုယ်တိုင် ပြောပြမယ်ဆိုတာတောင် မင်းက ခွင့်မပြုတော့ ငါတို့ပြောဖို့ခက်တယ်။ အဲဒါကြောင့် မင်းကို အခုမှပြောပြရတာ၊ မင်းက မင်းရဲ့ ဘဝအခြေအနေကို တစ်ခါတရံ သိမ်ငယ်စိတ်ထားတယ်။ မင်း ဘယ်လောက်ပဲသိမ်ငယ် သိမ်ငယ်၊ ဘယ်လောက်ပဲ ဒုက္ခတွေဖြစ်ဖြစ် မြနှင်းဆီထက်စာရင် မင်းက လောကကြီးကို မြင်နိုင်သေးတယ်လေကွာ"

ဘုန်းမြင့်ကို သူ လက်ကာ ဟန့်တားသည်။

"တော်ပါတော့ ဘုန်းမြင့်ရာ..."

မျက်လုံးကို စုံမှိတ်လိုက်၏။





ကျော်ကောင်းက သူ့ဘီးတပ်ကုလားထိုင်ကို လှောကားထပ် များရှိရာသို့ လေးပင်ဖြေးညင်းစွာ တွန်းလာခဲ့ မြောင်းသောင်အနီး သို့ရောက်သောအခါ ခေတ္တရပ်နားလိုက်သည်။ ရပ်နားထားရာမှ...

"မင်္ဂလာဆောင်မှာ မင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြနှင်းဆီကတော့ ရှိနေတယ်လို့ ထင်မှာပဲ"

သူ ဘာစကားမှ ပြောမထွက်တော့။

မျက်လုံးကို စုံမှိတ်ထားဆဲဖြစ်သည်။

✿

ဝရံတာပေါ်သို့ ပြန်အရောက်တွင် အနောက်ဘက် ကောင်းကင်ကို ငေးမော့ကြည့်လိုက်မိသည်။

ထိုကောင်းကင်ထက်တွင် စိတ်အာရုံဖြင့် မြနှင်းဆီအား ညည်းရှု၍ ကောက်ကြောင်းများစွာ ရေးခြစ်ပစ်လိုက်သည်။

သို့သော်...

မည်သည့်ကောက်ကြောင်းမျှ အရာမထင်။

ရင်၏အသိအမှတ်ကြောင့်သာ ကောင်းကင်၌ ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတစ်ခု ထင်လာ၏။

မြနှင်းဆီဟု တိုးညင်းစွာ ခေါ်ဆိုလိုက်မိသည်။

✿

ကောက်ကြောင်းလေးတောင်
မထင်ကျန်တော့ဘူး။
တိမ်တိုက်တွေ ဖယ်ရှားထားလည်း
ကောင်းကင်ရေ
တို့တွေ... ဝေးပြီ။

သတိရတိုင်း ငေးကြည့်တဲ့အခါ
ကောင်းကင်မှာ သူရှိတယ်လေ။
နေ့များစွာ ကုန်ဆုံးတဲ့အထိ
ငေးမော... မော့ကြည့်ခွင့်ပေးပါ
ကောင်းကင်ငယ်။





ဘဝ...အသစ်
တစ်ဖန်ရှိခဲ့ရင်
(ကောင်းကင်ရဲ့ရင်ခွင်ဆီကို
အော်မြည်ကာ ပျံသန်းဖို့)
လင်းယုန်... စွန်ရဲ ဖြစ်ပါရစေ။
အတောင်ပံ စုံလင်စေရန်
ခွင့်ပြုပါ... ဘုရားသခင်။

✿✿✿✿✿

လေးစားခင်မင်လျက်
မောင်လှမျိုး(ချင်းချောင်းခြံ)



www.burmeseclassic.com